မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁)

လုပ်သား (အလုပ်သမား) ကျင့်ဝတ်ငါးပါး

သိင်္ဂါလောဝါဒသုတ္တန်လာ အလုပ်သမားများဘက်မှ တစ်ဖန်ထိန်းသိမ်းရမည့် ကျင့်ဝတ်ငါးပါးရှိကြောင်း ဗုဒ္ဓမြတ်စွာက သိင်္ဂါလောဝါဒသုတ္တန်တွင် အတိအလင်း ဟောကြားထားပါသည်။ လုပ်သား(အလုပ်သမား)တို့ လိုက်နာရမည့် ကျင့်ဝတ်ငါးပါးမှာ–

- အရှင်၏ရှေးဦးစွာ အိပ်ရာမှထလေ့ရှိခြင်း၊
- အရှင်အိပ်ရာဝင်ပြီးနောက်၌ လုပ်သား(အလုပ်သမား)အိပ်လေ့ရှိခြင်း၊
- ပေးသည်ကိုသာ ယူလေ့ရှိခြင်း၊

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ဂျီးရီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံသမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် အိုလူဆီဂွန်၊ အိုဘာဆန်ဂျိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(အောက်တိုဘာ ၁ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆိုက်ပရပ်(စ်)နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ သမ္မတ မစ္စတာ တက်ဆော့(စ်) ပါပါဒိုပိုးလော့(စ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ကျန်းချင်းဟုန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လိဒ်နီလီ တံတား စီမံကိန်း



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ပျဉ်းမနား–ပင်လောင်းလမ်းရှိ လိဒ်နီလီ တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နိုင်ဂျီးရီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတနိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ ဒုတိယသမ္မတ အာတီကူ အဘူဘာကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လိဒ်နီလီကြိုးတံတားသည် အထူးစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ် အစဉ်တည်တံ့ကြံ့ခိုင်သောတံတားကြီးတစ်စင်းအဖြစ် ကြိုးပမ်းတည်ဆောက်

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၉ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကိုးကွေ့ကျေးရွာအနီးရှိ ကိုးကွေ့ရေတံခွန်စခန်းသို့ ရောက်ရှိရာ

စာမျက်နှာ ၉ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

သက်ကြီးရွယ်အိုများဘဝလှပရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး

လူ့ဘဝတွင် အရွယ်သုံးပါးရှိသည့်အနက် တတိယအရွယ် သက်ကြီးရွယ်အိုဘဝသည် အရေးအကြီးဆုံးဖြစ်သည်။ စီးပွားဥစ္စာကြွယ်ဝချမ်းသာသော၊ သားထောက် သမီးခံရှိသော အဘိုးအဘွားများအနေဖြင့် သာယာချမ်းမြေ့စွာ လူ့ဘဝကို အချိန်ကုန်လွန်စေနိုင်သော်လည်း ဆင်းရဲနွမ်းပါးသော၊ သားထောက်သမီးခံ မရှိသော၊ မှီခိုရာကင်းမဲ့သော အဘိုးအဘွားများအတွက် အတိဒုက္ခရောက်ကြရသည်။ မှီခိုရာကင်းမဲ့သော ဘိုးဘွားများအား လူအိုရုံများ၊ ဘိုးဘွားရိပ်သာများကို ထူထောင်၍ ပြုစုစောင့်ရှောက်လျက်ရှိသည်။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ဂါရဝထားလေးစားကြသည်။ မိမိတို့၏ အိမ်ဦးခန်းတွင် မိဘ၊ ဘိုးဘွားတို့အား နေရာပေးကာ မေတ္တာစေတနာအပြည့်အဝဖြင့် ကျွေးမွေးပြုစု စောင့်ရှောက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိသည့်အနက် အသက်(၆၀)အထက် အဘိုး၊ အဘွား လေးသန်းကျော်ရှိသည်ဟု သိရသည်။ သက်ကြီးရွယ်အိုများအား သက်ဆိုင်ရာ မိသားစုများက ပြုစုစောင့်ရှောက်လျက်ရှိ၍ သက်ကြီးရွယ်အိုပြဿနာပေါ်ပေါက်ခြင်း မရှိသေးပေ။ အာဆီယံနိုင်ငံများ အပါအဝင် ဒေသတွင်းနိုင်ငံများတွင်မူ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအတွက် စုပေါင်းနည်းလမ်းရှာဖွေ ဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် ဘိုးဘွားရိပ်သာများကို လွန်ခဲ့သောနှစ်ပေါင်း ၉၀ကျော်ကပင် စတင်ထူထောင်ပြီး ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ ၁၉၁၅ ခုနှစ်တွင် ဒေါ်ဦးဇွန်းသည် သက်ကြီးရွယ်အိုများ၏ဘဝကို စာနာမိကာ လူအိုရုံများကို စတင်တည်ထောင်ခဲ့သည်။ ယခုအခါ နိုင်ငံတစ်ဝန်းတွင် ဘိုးဘွားရိပ်သာပေါင်း ၅၂ ခုရှိပြီး ဘိုးဘွားနှစ်ထောင်ကျော်ကို ပြုစုစောင့်ရှောက် ပေးနေပြီဖြစ်သည်။

ကိုရီးယား-အာဆီယံ ပူးပေါင်း အစီအစဉ်တစ်ခုဖြစ်သည့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်း များတွင် မြန်မာနိုင်ငံကလည်း ပါဝင်ဖော်ဆောင်လျက်ရှိရာ အောင်မြင်တိုးတက်မှုများ ရရှိနေသည်။

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက် ကူညီခြင်းသည် မြန်မာတို့၏ မွန်မြတ်သော ပရဟိတ လုပ်ငန်းတစ်ခုဖြစ်သည်။ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများက သက်ကြီးရွယ်အိုများ၏ဘဝ သာယာလှပရေး ဝိုင်းဝန်းကူညီ ပြုစုစောင့်ရှောက်ပေးကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော်ဦးဃောသိတ တရားတော်
"ဆပ္ပါဏကောပမသုတ်"

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
"တိုက်စစ်မှူး"
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညနေပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၆။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ လျှပ်တစ်ပြက်
၆း၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"လျှို့ဝှက်ချက်"
(အပိုင်း-၁၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Porthsmouth



ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ရန်ကုန်တိုင်းကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး ပညာရည်ထူးချွန်ဆုနှင့်အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ဆရာစံလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ အသင်းရုံးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့က အမှာစကားများ ပြောကြားကြသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်ဆုရရှိခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦးအပါအဝင် ဂုဏ်ထူးရှင် ၂၅ ဦးနှင့် အခြားထူးချွန်ဆု ရရှိကြသူများအား တိုင်းမှူး**(အပေါ်ယာပုံ)** ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)နှင့်တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အတည်ပြုဆောင်ရွက်

ယင်းနောက် အလုပ်အမှုဆောင်အဖွဲ့၏ရေးရာအစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း၊အစီရင်ခံစာအပေါ် သုံးသပ်အကြံပြုဆွေးနွေးခြင်း၊ အကြံပြုချက်များအပေါ် အလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်း ပြောကြားခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

အမှတ် ၈ ဦးလွန်းလမ်း အရိုးကုန်းရပ်ကွက် တာမွေမြို့နယ်နေ ဦးမြသောင်း-(ဒေါ်တင်ရွှေ)မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

ဆည်းပူးရရှိမည့် အသိပညာ အတတ်ပညာများအသုံးပြု အရည်အသွေးပြည့်ဝသော ဆရာဝန် ဝန်ထမ်းကောင်းဖြစ်ရန် ကြိုးပမ်း ကျန်းမာရေးစောင့်ရှောက်မှု စေတနာအပြည့်ထားဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်ဆရာဝန်များ အခြေခံအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးသင်တန်း(၂/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားတွင် တက်ရောက်ကြသည့် လုပ်ငန်းခွင်သို့ မကြာမီဝင်ရောက်တော့မည့် သစ်လွင် ဆရာဝန်များမှာ ဆေးတက္ကသိုလ်(၁) မှ အောင်မြင်သူ ၁၂၈ဦး၊ ဆေးတက္ကသိုလ်(၂)မှ အောင်မြင်သူ ၁၅၈ဦး၊ မန္တလေးဆေးတက္ကသိုလ်မှ အောင်မြင်သူ ၁၅၅ဦး စုစုပေါင်း ၄၄၁ဦးဖြစ်ကြောင်း၊ သစ်လွင်များ အနေဖြင့် ကျန်းမာရေးဦးစီးဌာန အောက်မှာရှိသည့် ဆေးရုံများမှာ ၃၃၉ဦးနှင့် ဆေးသိပ္ပံပညာ ဦးစီးဌာန အောက်တွင်ရှိသည့် ဆေးတက္ကသိုလ်များ၌ ၁၀၃ ဦး၊ ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)တွင် ငါးဦး၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) တွင် နှစ်ဦး၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင်တစ်ဦး တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်ကြောင်း။

သစ်လွင်ဆရာဝန်များသည် နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ပြီး တာဝန်ကျေအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဂရုတစိုက်လေ့လာ

သစ်လွင်ဆရာဝန်များသည် ယခင်ကျောင်းသားဘဝမှ ယခုအလုပ်ခွင် စတင်ဝင်ရောက်တော့မည်ဖြစ်သည့်အတွက် ယနေ့ကစပြီး ငါးရက်ကြာ ပို့ချမည့်သင်တန်းတွင် ဂရုတစိုက် လေ့လာကြရန်နှင့် လုပ်ငန်းခွင်တွင် အသုံးချကြရန် အရေးကြီးကြောင်း။

အရင်းခံကျ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကျန်းမာရေး လူအင်အား ဖွံ့ဖြိုးမှုဆိုင်ရာ လမ်းညွှန်ချက်အဖြစ် **“ကျန်းမာရေးနယ်ပယ် အပါအဝင် သိပ္ပံနှင့်ဝိဇ္ဇာ ပညာရပ်နယ်ပယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းခံကျသည်မှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမရှိပါက ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရန် မဖြစ်နိုင်ကြောင်း”** မိန့်ကြားခဲ့ကြောင်း၊ ဆရာဝန်များကို ယခုလို ခေါ်ယူသင်တန်းပေးခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးနေခြင်ဖြစ်ကြောင်း၊ ယခုလို ကျန်းမာရေး ဝန်ထမ်းများကို အရည်အသွေးမြှင့်တင်ခြင်းနှင့် ဆေးရုံဆေးပေးခန်းများကို ပစ္စည်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ပေးခြင်းတို့ဖြင့် ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ရေးဆွဲဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန အနေနှင့်လည်း လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး” ရည်မှန်းချက် အောင်မြင်ရေးအတွက် ကျန်းမာရေးလုပ်ငန်းများကို အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ စနစ်တကျစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူအများကအားထားယုံကြည်ပြီး အရည်အသွေးပြည့်ဝကာ ကျွမ်းကျင်သည့် ဆရာဝန်များ ဖြစ်လာစေရန်အတွက် အဆင့်မြင့်ပညာရေးကို သင်ယူနိုင်ရေးအတွက်လည်း နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိကြောင်း။

တစ်ဖက်ကလည်း ကုသရေးလုပ်ငန်းများ အဆင့်မီအကျိုးသက်ရောက်မှုရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ဆေးရုံများမှာ မရှိမဖြစ်လိုအပ်သည့် ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာများကို ဗဟိုအဆင့် ပြည်နယ်၊ တိုင်းအဆင့် ဆေးရုံကြီးများနှင့် ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများအထိ ဝယ်ယူဖြည့်တင်းပေးလျက်ရှိပါကြောင်း။

လေ့လာဆည်းပူး

သစ်လွင်ဆရာဝန်များ အနေနှင့် မိမိတို့တာဝန်ထမ်းဆောင်ရမည့်ဆေးရုံ၊ ဆေးခန်းများမှာလည်း ကုသရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အတွေးအမြင်အသစ်နှင့် စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် မိမိတို့ဆည်းပူးရရှိမည့် အသိပညာ၊ အတတ်ပညာများကို အသုံးပြုပြီး အရည်အသွေးပြည့်ဝသော ဆရာဝန် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့လေ့လာဆည်းပူးရရှိသည့် ပညာရပ်များကို အချင်းချင်းလက်ဆင့်ကမ်းဖြန့်ဖြူး၊ ပွားများသင်ကြားပေးကြရန်၊ ကျန်းမာရေးရည်မှန်းချက်များ အောင်မြင်အောင် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ အပြန်အလှန် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုစွမ်းအားကိုရယူ အသုံးချ၍ ဆောင်ရွက်ကြရန်၊ မိမိတို့ စောင့်ရှောက်ပေးမည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးလက်ဒေသ အောက်ခြေအထိ ရောက်အောင် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာသည်နှင့်အမျှ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြရန်၊ နိုင်ငံ့တာဝန် ကျေပွန်စွာဖြင့် ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စေတနာအပြည့်ထား၍ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းကာလမှာ ယနေ့မှစ၍ အောက်တိုဘာ၅ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေညီလာရဲ့ မင်္ဂလာသတင်း

* ကချင် ကယား ကရင်နဲ့ ချင်း
သွေးချင်းသားချင်း မောင်နှမရင်း
တစ်အူထုံ့ဆင်း ညီနောင်ရင်း
သိုက်မြိုတူတဲ့ ကိုယ်စားလှယ်တစ်သင်း။

* မြန်မာတိုင်းရင်းသား ဒို့အချင်းချင်း
သံသယတွေ ရှင်းရှင်းလင်းလင်း
အာဃာတတွေ ကင်းကင်းရှင်းရှင်း
တွေ့ဆုံကြမည် ပေါင်းဖော်တစ်သင်း။

* ရှေ့ဆက်သွားမည့် လမ်းစဉ်ဘောင်အတွင်း
တိကျမှန်ကန် မချွတ်မယွင်း
စိတ်သန္တာန်မှာ ကြည်ကြည်ရှင်းရှင်း
ဆွေးနွေးကြမည် ပွင့်ပွင့်လင်းလင်း။

* ရွှေညီလာရဲ့ မင်္ဂလာသတင်း
မဆိုကြနဲ့ အတင်းအဖျင်း
ဒို့ရွက်ဆောင်မည် ရိုင်းရိုင်းပင်းပင်း
ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ အခင်းအကျင်း။ ။

(အမျိုးသားညီလာခံကြီးကို ကြိုဆိုဂုဏ်ပြုလျက်-)

မိုးရန်နိုင်(ကျောက်ကြီး)

စက်တင်ဘာ ၂၄ရက်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမအတွင်း ကျင်းပသော အလှူငွေပေးအပ်ပွဲတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင် ရွှေမင်းဝံဆရာတော် သက်တော်(၅၉)နှစ်ပြည့် ဝိဇာတမင်္ဂလာအဖြစ် ငွေကျပ်သိန်း၄၀ခန့် တန်ဖိုးရှိ ရဟန်းသံဃာသုံး သင်္ကန်း၊ ထီး၊ ဖိနပ်နှင့် ယပ်များကို တောင်တန်းသာသနာပြုလုပ်ငန်းများအတွက် ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

လယ်တီတရားစခန်းပွဲ မင်းဘူးမြို့၌ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃၀

မင်းဘူးမြို့ ဓာတ်တော်ကုန်း ဘုရားကုန်းမြေ၌ အမျိုးသမီးယောဂီဆောင်(၃) ရေစက်ချပွဲနှင့်အတူ ဒုတိယအကြိမ် လယ်တီဝိပဿနာခုနစ်ရက် တရားစခန်းကို အောက်တိုဘာ၂၀ ရက် (သီတင်းကျွတ်လကွယ်နေ့)တွင် စတင်မည်ဖြစ်ရာ ရန်ကုန်မြို့ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် နာယက ဆရာတော်များကြီးမှူးသော လယ်တီကမ္မဋ္ဌာနာစရိယများက သင်ကြားပြသမည်ဖြစ်သည်။ တရား စခန်းဝင်လိုသူများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဘုရားဂေါပက ဦးဇေယျ ဖုန်း-၀၆၅-၃၀၂၈၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပြီး နှစ်စဉ် နယုန်လကွယ်နေ့၊ သီတင်းကျွတ်လကွယ်နေ့၊ တပို့တွဲလကွယ်နေ့များတွင် တစ်နှစ်လျှင်သုံးကြိမ် ပုံမှန်တရားစခန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စက်တင်ဘာ ၂၉ ရက်က အမက (၃)ဗဟန်းမြို့နယ်တွင် ကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် အမှတ်စဉ်(၅၉) ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း ဖွဲ့၊ လုံ့လဆုရ ဆရာမ ဒေါ်မြင့်မြင့်ခင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင့်အေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာမေတ္တာရုံကြီး၌ အသုံးပြုရန်အတွက် ၁၂ရပ်ကွက် အမှတ် ၆၇ ရွှေသို့လမ်းနေ ဦးစိန်ညွန့်အား ရည်စူး၍ ဇနီး ဒေါ်ခင်ထွေး သမီး အေးအေးမွန်၊ မိုးကျော်သူ-မညိုညိုသန်း၊ သားစိန်သာကျော်၊ သမီး နွေးနွေးအေး၊ မြေး ဝိုင်းချစ်မိသားစုက ငွေကျပ် ၁၃၅၀၀၀တန်ဖိုးရှိ ရေအေးစက်တစ်လုံး လှူဒါန်းရာ အရိယာမေတ္တာရုံဥက္ကဋ္ဌ ဦးကိုကိုကြီးက ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အပန်းဖြေစရာ ရန်ကုန်မြစ်တွင်းမှာ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း]
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	အိမ်ထောင်စု လူဦးရေစာရင်းနှင့် ပတ်သက်၍ သိကောင်းစရာ
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	နိုင်ငံတကာ အနုပညာရေးရာ
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	အရသာထူးခြား အင်အားပြည့်စေမှာ မြန်ဘီစကို ဘီစကစ်ပါ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နိုင်ငံတကာ သတင်းကျဉ်း
၉း၃၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	အားလပ်ရက်တစ်နေ့မှာ (စားချင်ဖွယ်ရာ ကိုးကန့်ရိုးရာ အစားအစာ)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပေါင်းတည်မြို့မှ ဘိုးဘွားရိပ်သာ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀	ဂုဏ်ယူစရာ လက်မှုအတတ်ပညာ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ကလေးတို့အတွက် လက်ဆောင် (ဒေါင်းနှင့် ခွက်ပြုလုပ်ပုံ)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	မြစ်ကိုမြင်လျှင် တံတားဆင်
၁၁း၂၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၃၀	ရွှေတောင်စက်ရုံ စွမ်းပကား စက်မှု(၁)ရဲ့အား
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ)(လက်ကိုင်ပုံနည်းစနစ်နှင့် လွဲချက်တစ်ဝက်ဖြင့် စတင်ခြင်း၊ ဂရင်းပေါ်သို့ အနိမ့်ပစ်တင်ခြင်း)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၇း၂၅	West Ham-Reading	5-Sports(Live)
၈း၂၄	Man Utd-Newcastle	5-Series(Live)
၉း၃၀	Tottenham-Portsmouth	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Chievo-Palermo	5-Sports(Live)

ပါကစ္စတန်နှင့် ဩစတြေးယား တိုက်ရိုက်လေကြောင်းခရီးစဉ်ပျံသန်းမည်

အစ္စလမ္မာဘတ် စက်တင်ဘာ ၃၀

နှစ်နိုင်ငံအကြား တိုက်ရိုက်လေယာဉ်ပျံသန်းမှုစတင်ရန် ပါကစ္စတန်နှင့် ဩစတြေးယားနှစ်နိုင်ငံတို့က သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံပိုင် အေပီပီသတင်းဌာနက စက်တင်ဘာ ၂၇ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ သဘောတူညီမှုကို ပါကစ္စတန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးဖြစ်သူ မူဟာမက် အာရှတ်ချတ်ဒရီနှင့် ဩစတြေးယား ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အမ်စတီဂယ်ဘေရာတို့က စက်တင်ဘာ ၂၇ ရက်၌ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်ဟု ၎င်းသတင်း၌ဖော်ပြသည်။

တိုက်ရိုက်လေယာဉ်ပျံသန်းရာတွင် ဩစတြေးယား နိုင်ငံလာဟိုးမှ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့သို့ လည်းကောင်း၊ ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ ဩစတြေး ယားနိုင်ငံ ဗီယင်နာမြို့သို့လည်းကောင်း ပျံသန်းပြေးဆွဲမည် ဖြစ်ကြောင်း သိရသည်။

ပျံသန်း

နှစ်နိုင်ငံအကြား တိုက်ရိုက် လေယာဉ်ပျံသန်းမှုကို သီတင်းအပတ်စဉ်တိုင်း တစ်ပတ်လျှင် (၁၃) ကြိမ် တိုက်ရိုက် ပျံသန်းမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျက်လေယာဉ် တည်ဆောက်

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘော်ဒိုးပြည်နယ်အနီး လေယာဉ်စက်ရုံ တစ်ရုံ၌ ဂျက်လေယာဉ် တည်ဆောက်နေမှုကို စက်တင်ဘာ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းကြားဖြတ်အစိုးရဝန်ကြီးချုပ်သစ်ခန့်ရေး ထိုင်းဘုရင့်အတည်ပြုချက်ရယူ

ဗန်ကောက် စက်တင်ဘာ ၃၀

ထိုင်းနိုင်ငံ စစ်ဘက်အာဏာရ စီဒီအာရ်ကောင်စီက ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်သစ်ခန့်အပ်တာဝန်ပေးမှု ကို ထိုင်းဘုရင်က အတည်ပြုပေးရေး အတွက် အမည်တင်သွင်းလိုက်ပြီ ဖြစ်ကြောင်း အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးဆွန်သီက သောကြာနေ့က ပြောဆိုသည်။

ကြားဖြတ်

သို့သော် ၂၀၀၇ခုနှစ် အောက်တိုဘာတွင် ရွေးကောက်ပွဲ ကျင်းပရန် လမ်းဖွင့်ပေးသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲစဉ် တစ်နှစ်ခန့် ကာလအတွက် ကြားဖြတ်အစိုးရကို ဦးဆောင်မည့် ဝန်ကြီးချုပ်သစ်၏ အမည်ကိုမူ ဗိုလ်ချုပ်ကြီး ဆွန်သီက ထုတ်ဖော်မပြောကြားသေးပေ။

ပြောကြား

ဝန်ကြီးချုပ်သစ်မှာ လူတိုင်းသိသူ ဖြစ်ကြောင်းဖြင့်သာ သတင်းစာ ရှင်းလင်းပွဲတွင် ၎င်းကပြောကြားသည်။

ဖော်ပြ

အာဏာရကောင်စီနှင့် နီးစပ်သည့် သတင်းရပ်ကွက်၏ ပြောပြမှုကို ကိုးကားလျက် ထိုင်းမီဒီယာများက ဖော်ပြရာတွင် ဘုရင့်အတိုင်ပင်ခံအဖွဲ့ဝင်နှင့် အငြိမ်းစားဗိုလ်ချုပ်ကြီး ဆူရာယုချူလာနွန်အား ဝန်ကြီးချုပ်သစ် တာဝန်ပေးရန် စီဒီအာရ်အဖွဲ့ဝင်များအကြား သဘောတူသည်ဟု ထည့်သွင်း ဖော်ပြထားသည်။

ဆူရာယုချူလာနွန်မှာ ကြည်းတပ် ဦးစီးချုပ်နှင့် လက်နက်ကိုင်တပ်များ ဦးစီးချုပ်ဟောင်း ဖြစ်သည်။

ဒုဗလျူတီအိုညွှန်ကြားရေးမှူးချုပ်ဟောင်း ဆူပါချိုင်းမှာလည်း ဝန်ကြီးချုပ်သစ် ဖြစ်နိုင်သူ ဖြစ်သည်ဆို၏။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့လက်သည်း အရှည်ဆုံးအမျိုးသမီး

လန်ဒန် စက်တင်ဘာ ၃၀

အသက် ၆၅ နှစ်အရွယ်ရှိ လီရက်မွန်းဆိုသည့် အမျိုးသမီးတစ်ဦးသည် ကမ္ဘာ့လက်သည်းအရှည်ဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ပြီး သူမလက်သည်းများ၏ စုစုပေါင်းအရှည်မှာ ၂၄ပေနှင့် ၇ လက်မရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

လီရက်မွန်းသည် ယူတားပြည်နယ်မှဖြစ်ကာ အဆိုပါလက်သည်းကို လွန်ခဲ့သော ၂၇ နှစ်ကစတင်၍ထားခဲ့ရကြောင်း၊ ၎င်းလက်သည်းများကို သွားပွတ်တံများဖြင့် အမြဲသန့်ရှင်းပေးကြောင်း၊ လက်သည်းပြုပြင်ပေးသူများနှင့်လည်း အမြဲပြသကြောင်း သူမက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့လက်သည်းအရှည်ဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်သူ လီရက်မွန်းအား စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှန်ဆန်းမုန်တိုင်းဖိလစ်ပိုင်၌ တိုက်ခတ် လူ ၃၀ သေဆုံး၊ နေအိမ်အများအပြားပျက်စီး

မနီလာ စက်တင်ဘာ ၃၀

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် စက်တင်ဘာ ၂၉ ရက်က ရှန်ဆန်းအမည်ရှိ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၃၀ သေဆုံးကာ နေအိမ်အများအပြားပျက်စီးသွားကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ပြောကြားသည်။ (ယာပုံ)

ပျက်စီး

ယင်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀နှုန်းဖြင့် ဖိလစ်ပိုင်မှ ဗီယက်နမ်သို့ ဦးတည်တိုက်ခတ်လျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် ဖိလစ်ပိုင်မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ ဖုန်းလိုင်းများ၊ ဓာတ်အားလိုင်းများလည်း လဲကျပျက်စီးခဲ့ကြောင်း၊ လူရာနှင့်ချီပြီးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုက်ခတ်

ရှန်ဆန်းမုန်တိုင်းသည် ဖိလစ်ပိုင်သို့ဝင်ရောက်တိုက်ခတ်ခဲ့သော မုန်တိုင်းများတွင် ၁၀ ခုမြောက် မုန်တိုင်းဖြစ်သည်။ **(အင်တာနက်)**

နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်မည်မဟုတ်ဟု သမ္မတအာမက်နီဂျက်ဒ်ပြောကြား

တီဟီရန် စက်တင်ဘာ ၂၉

အနောက်နိုင်ငံများက ဖိအားပေးနေလင့်ကစား ယူရေနီယံကြွယ်ဝရေးဆောင်ရွက်မှုများကို စွန့်လွှတ်မည် မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ်က စက်တင်ဘာ ၂၇ရက်၌ ပြောကြားလိုက်သည်ဟု အီရန်သတင်းဌာန အိုင်အာအင်အေက သတင်းထုတ်ပြန်သည်။

အီရန်၏ နျူကလီးယား အစီအစဉ်အပေါ် အနောက်နိုင်ငံများက နျူကလီးယား လက်နက်များနှင့် နျူကလီးယားဗုံးများ ထုတ်လုပ်ရန်အတွက် သံသယရှိကြောင်း၊ အီရန်သည် နျူကလီးယားအစီအစဉ်ကို ရပ်တန့်ရမည်ဖြစ်ကြောင်း အနောက်နိုင်ငံများက ပြောကြားခဲ့သည်။

ထုတ်ပြန်

သို့သော်လည်း အီရန်နိုင်ငံ၏ လွတ်လပ်ခွင့်ကို ပိတ်ပင်ရန်မဖြစ်နိုင်ကြောင်း၊ မိမိတို့၏နျူကလီးယားနည်းပညာ ဖွံ့ဖြိုးမှုကို ရပ်တန့်ရန်မည်သည့်အခါမျှ ပြုလုပ်မည်မဟုတ်ကြောင်း အီရန်သမ္မတက ပြောကြားသည်ဟု မီဟာ သတင်းဌာနမှထုတ်ပြန်သည်။

ကမ္ဘာပေါ်တွင် နျူကလီးယား လုပ်ငန်းစဉ်များရပ်တန့်လျှင် မိမိတို့ အီရန်နိုင်ငံလည်း နျူကလီးယားရပ်တန့်ရေးကိုလက်ခံမည်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်နီဂျက်ဒ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ထိုင်းအာဏာသိမ်းမှုကြောင့် အကူအညီပေးမှု အမေရိကန်ဆိုင်းငံ့

ဝါရှင်တန် စက်တင်ဘာ ၃၀

ထိုင်းစစ်တပ်က အာဏာသိမ်းခဲ့သဖြင့် ထိုင်းနိုင်ငံအားပေးမည့် အမေရိကန်ဒေါ်လာ ၂၄သန်း အကူအညီကို ဆိုင်းငံ့ထားကြောင်း အမေရိကန်က စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ထိုင်းစစ်တပ်က အာဏာသိမ်းယူမှုကြောင့် အမေရိကန်က ထိုသို့ဆိုင်းငံ့လိုက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးရုံးပြောခွင့်ရပုဂ္ဂိုလ် မက်ကောမက်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ယင်းကဲ့သို့ အမေရိကန်က ထိုင်းအား ထောက်ပံ့မှုများဆိုင်းငံ့ခဲ့၍ စစ်ရေးလေ့ကျင့်မှု၊ ငြိမ်းချမ်းရေးဆောင်ရွက်မှု၊ လက်နက်ဝယ်ယူရေးနှင့် လူမှုရေးရန်ပုံငွေများအတွက် ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း မက်ကောမက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဘဂ္ဂဒက်၌ပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ လမ်းတစ်လမ်းပေါ်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့အနီး စက်တင်ဘာ ၂၈ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၇ သန်း ယခုနှစ်တွင် ဗီယက်နမ်သို့ လာရောက်မည်ဟုမျှော်မှန်း

ဟန္နိုင်း စက်တင်ဘာ ၃၀

၂၀၀၆ ခုနှစ်အတွင်း ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၇ သန်း လာရောက်မည်ဟု မျှော်မှန်းကြောင်း၊ နှစ်ချင်းအလိုက် တိုးတက်မှု ၄ ဒသမ ၆ ရာခိုင်နှုန်းရှိလာခဲ့ကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုအဖွဲ့ (ဗွီအင်န် အေတီ)က စက်တင်ဘာ ၂၇ ရက်က သတင်းထုတ်ပြန်သည်။

ဗီယက်နမ်သို့ တရုတ်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ အဓိက လာရောက်ခြင်းဖြစ်ကြောင်း ဗွီအင်န်အေတီက ပြောကြားသည်။

မြှင့်တင်ရေး

ဗီယက်နမ်နိုင်ငံအနေဖြင့် ခရီးသွားဝန်ဆောင်မှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီး ခရီးသွားစခန်းများ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဗီယက်နမ်နိုင်ငံအနေဖြင့် စွဲဆောင်ပြီး ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်သွားမည် ဖြစ်သည်။

တည်ဆောက်

ယခုနှစ်မှစ၍ လာမည့် ၂၀၁၀ ပြည့်နှစ်အထိ ခရီးသွား လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံသုံးစွဲရန် စီစဉ်ထားကြောင်း၊ အဓိကအားဖြင့် နိုင်ငံတစ်ဝန်းရှိ ခရီးသွားများ အပန်းဖြေမည့် ကမ်းခြေများသို့ သွားရောက်သည့် လမ်းများအား အဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးခြင်းနှင့် အလယ်ပိုင်းဒေသရှိ ခရီးသွားလုပ်ငန်း အဆောက်အအုံများ တည်ဆောက်ခြင်းတို့အတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း ဗွီအင်န်အေတီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပလျက်ရှိသော လူ့အသုံးအဆောင် ပစ္စည်းများပြပွဲတွင် လေဖြတ်ခံရသူများကို အကူအညီပေးနိုင်သည့် ဝတ်စုံတစ်စုံကို ဂျပန်အမျိုးသမီးတစ်ဦးက ဝတ်ဆင်ပြသနေသည်ကို စက်တင်ဘာ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ ထုတ်ကုန်များ ပါကစ္စတန်သို့ တင်သွင်းမည်

အစ္စလာမ္မာဘတ် စက်တင်ဘာ ၃၀

ပါကစ္စတန်နှင့် အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေး အပြန်အလှန် တိုးချဲ့မှုအနေဖြင့် ပါကစ္စတန် နိုင်ငံသည် အိန္ဒိယနိုင်ငံမှ စက်ပစ္စည်းများ၊ ခွဲစိတ်ကိရိယာ၊ ဓာတုပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများတင်သွင်းရန် စက်တင်ဘာ ၂၇ ရက်က ဆုံးဖြတ်ခဲ့သည်။

ယခုအချိန်တွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အနေဖြင့် ကုန်သွယ်ဖက် နိုင်ငံများအဖြစ် သတ်မှတ်ခဲ့ရာ ပါကစ္စတန်နိုင်ငံမှ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းများကို တင်သွင်းရန် ခွင့်ပြုခဲ့သည်။

တင်သွင်းရန် ခွင့်ပြုထားသော ပစ္စည်းများတွင် သတ္တုပစ္စည်းများ၊ ဒီဇယ်၊ မီးရထားစက်ခေါင်းများနှင့် အထည်အလိပ်လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆူဒန်၌ ငွေကြေးသစ်ထုတ်ဝေသုံးစွဲမည်

ခါတွမ် စက်တင်ဘာ ၃၀

ဆူဒန်နိုင်ငံသည် လာမည့်လများအတွင်း နိုင်ငံ၏စည်းလုံးညီညွတ်မှုကို ပြသရန် တစ်နိုင်ငံလုံးတွင် ငွေကြေးအသစ်တစ်ရပ် စတင်ထုတ်ဝေသုံးစွဲမည်ဖြစ်ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က စက်တင်ဘာ ၂၈ ရက်တွင် ဖော်ပြသည်။

သဘောတူစာချုပ်

ယင်းဆောင်ရွက်မှုသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလက ဆူဒန်အစိုးရနှင့် ဆူဒန် ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ သူပုန်ခေါင်းဆောင်ဟောင်းများ နိုင်ငံ၏ မြောက်-တောင် ပဋိပက္ခကို အဆုံးသတ်ကာ လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို အကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲ

အဆိုပါ ဆူဒန်ငွေကြေးပြောင်းလဲမှုအတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကုန်ကျကြောင်း ဆူဒန်ဘဏ်အုပ်ချုပ်ရေးမှူး ဆာဘာမိုဟာမက်အယ်ဟက်ဆန်၏ ပြောကြားချက်ကို အဆိုပါသတင်းစာက ဖော်ပြသည်။

ယင်းငွေကြေးသစ် တစ်ပေါင်မှာ ဒီနာ ၁၀၀ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၈)နှင့် ညီမျှကြောင်း ၎င်းဘဏ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သော အသက်၉၄နှစ်ရှိ အဘိုးအို

နံနက်ပိုင်း အချိန် လေ့ကျင့်ခန်း ပြုလုပ်နေသော တရုတ်အဘိုးအို တစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ဝမ်ချန်မြို့တွင် လူ့ယူလီ အမည်ရှိ အသက်၉၄နှစ်အရွယ် တရုတ်အဘိုးအိုတစ်ဦးသည် နံနက်ပိုင်းကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်မှုကို နှစ်ပေါင်းများစွာကတည်းကပင် နေ့စဉ် မပျက်မကွက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဝက်ဝံကလေးများ၏ စွမ်းရည်ပြပွဲ

စွမ်းရည်ပြနေသော ဝက်ဝံကလေးများကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ကျိနန်မြို့တွင်ရှိသော တိရစ္ဆာန်ဥယျာဉ် တစ်ခု၌ လေ့ကျင့်ပေးထားသည့် ဝက်ဝံလေးများက သတ်မှတ်ထားသော နေရာအမြင့်မှ ဒိုင်ဗင်ထိုးပြနိုင်ကြောင်း သိရသည်။

(အင်တာနက်)

ဆော်ဒီအာရေဗျတွင် သောက်သုံးရေပြတ်လပ်

ရီယက်ဒ် စက်တင်ဘာ ၃၀

ဆော်ဒီအာရေဗျနိုင်ငံရှိ မြို့ကြီးနှစ်မြို့တွင်ရှိသော လူထောင်ပေါင်းများစွာသည် သောက်သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း ဒေသခံများနှင့် ဆော်ဒီအာရေဗျ နိုင်ငံထုတ်သတင်းစာများ၌ ဖော်ပြသည်။

အခက်အခဲ

ဆော်ဒီအာရေဗျနိုင်ငံရှိ ဒုတိယအကြီးမားဆုံးမြို့များဖြစ်သော ဂျီဒက်နှင့်မက္ကာမြို့များတွင် ပြီးခဲ့သည့်သီတင်းခြောက်ပတ်ကျော်ကာလမှ ယခုသီတင်းပတ်အထိ သောက်သုံးရေပြတ်လပ်မှုအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း အယ်မာဒီနာနှင့် အာရပ်နယူးစ်သတင်းစာတို့၌ ဖော်ပြသည်။

ပြတ်လပ်မှု

ဆော်ဒီအာရေဗျနိုင်ငံရှိ သဲကန္တာရဒေသများတွင်လည်း သောက်သုံးရေပြတ်လပ်မှုရှိခဲ့ကြောင်း၊ ရေပိုက်လိုင်းများမှ ရေမှာလည်း ရေအရင်းအမြစ်များမှ ရေရရှိမှု ၂၀ ရာခိုင်နှုန်းလျော့နည်းခဲ့မှုကြောင့် သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ခြင်း ဖြစ်ကြောင်း ၎င်းသတင်းစာများ၌ ဆက်လက်ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် အလွန်ပူပြင်းသော နွေရာသီကာလများအတွင်း လျှပ်စစ်ဓာတ်အားအမြင့်ဆုံး သုံးစွဲခဲ့မှုကြောင့် လျှပ်စစ်ဓာတ်အား လျော့နည်းကျဆင်းမှုကလည်း သောက်သုံးရေပြတ်လပ်မှုကို ထိခိုက်စေကြောင်းလည်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

ရုရှား သူလျှိုလေးဦး ဂျော်ဂျီယာက ဖမ်းဆီး

မော်စကို စက်တင်ဘာ ၃၀

ဂျော်ဂျီယာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရုရှားစစ်ဘက်အရာရှိ လေးဦးကို သူလျှိုလုပ်မှုဖြင့် စက်တင်ဘာ ၂၇ ရက်က ဖမ်းဆီးထားသည်။

ဖမ်းဆီး

ရုရှားလက်နက်ကိုင် ထောက်လှမ်းရေးတပ်မှ အရာရှိလေးဦးအပါဝင် လူခုနစ်ဦးအား ဂျော်ဂျီယာတန်ပြန် ထောက်လှမ်းရေးအရာရှိများက ဖမ်းဆီးခဲ့ကြောင်း ဂျော်ဂျီယာပြည်ထဲရေးဝန်ကြီး ဗန်နိုမီရာဘစ်ရှ်ဗီလီက ပြောကြားသည်ကို အင်တာဖက်စ် သတင်းဌာနက ကိုးကားဖော်ပြသည်။

ထပ်လောင်းပြောကြား

အဆိုပါ ရုရှားထောက်လှမ်းရေးအရာရှိများသည် လအတန်ကြာ ဂျော်ဂျီယာတွင် စုံစမ်းထောက်လှမ်းနေကြောင်း အထူးသဖြင့် ဂျော်ဂျီယာ၏စစ်ဘက်ဆိုင်ရာကို ထောက်လှမ်းခဲ့ကြောင်း ၎င်းပြည်ထဲရေးဝန်ကြီးက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

■ **ရှေ့ဖုံးမှ**

– အမှုကိစ္စကို ကောင်းစွာပြုလေ့ရှိခြင်း၊
– အရှင်(အလုပ်ရှင်)၏ဂုဏ်သတင်းကိုဆောင်လေ့ရှိခြင်း။

လုပ်သားများလိုက်နာရမည့် ကျင့်ဝတ်ငါးပါးကို လင်္ကာဖြင့် ဖွဲ့ဆိုထားသည်မှာ–

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး
ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်
ကျေးဇူးမြွက်၊ ငါးချက်လုပ်သား ပြုကျင့်ရာ။

လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား ညီညွတ်ရေးသည် အထူးပင်အရေးပါလှပေသည်။ အလုပ်ရှင်ဘက်မှ ကျင့်ဝတ်ငါးဖြာနှင့် လိုက်နာဆောင်ရွက်နေပါလျှင် အလုပ်သမားများဘက်မှလည်း မိမိအလုပ်ရှင်အပေါ် မှန်ကန်သောအသိနှင့်ယှဉ်၍ ကျေးဇူးတုံ့ပြန်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် တိုးတက်ကြီးပွားမည်မှာ မလွဲသာတည်း။ ။ **(သာသနာရေး)**

* ***ကျောဖုံးမှ***

ဆက်လက်၍ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ပြုံးကြည်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)အသိအမှတ်ပြု GMP ရရှိရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တင်ပြချက်များ အပေါ် ဖြည့်ဆည်းပေးပြီး WHO အသိအမှတ်ပြု GMP ရရှိရေး ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဆီသိုလှောင်မှု အခြေအနေ၊ Inciverator မီးထိုးစက်တို့ကိုလည်းကောင်း၊ Machine Room ၌ Distilled Water Preparation စက်များ တပ်ဆင်မှု အခြေအနေနှင့် ထိန်းချုပ်ခန်းကိုလည်းကောင်း၊ ဘွိုင်လာနှင့် ရေအအေးခံစနစ် Washing Room နှင့် Dirty Corridor Waste Disposal Room၊ Labelling&Packing Room နှင့် Inspection Room တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖွဲ့စည်းမှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် ထုတ်လုပ်ပြီး Plasma ဆေးများကို အအေးခန်း၌ ထိန်းသိမ်းထားမှုအခြေအနေ၊ Microbiology Laboratory အခန်း၏အခြေအနေ၊ ကာကွယ်ဆေး ပုလင်းသွင်းခန်းအခြေအနေများ၊ GMP စနစ်နှင့်အညီ အခန်းဆောင် ဖွဲ့စည်းမှုနှင့် စက်များတပ်ဆင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ညနေ ၃ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ရော်ဘာလက်အိတ်စက်ရုံ(ပျဉ်းမပင်)သို့ရောက်ရှိပြီး ထုတ်လုပ်ပြီး လက်အိတ်နမူနာများနှင့် ရေလုပ်ငန်းသုံးလက်အိတ်နမူနာများ၊ အိမ်သုံးလက်အိတ်နှင့် ဆေးရုံသုံး လက်အိတ်ထုတ်လုပ်မှုနည်းစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်ချက်များမှာကြား

ယင်းနောက် ဝန်ကြီးသည် ထုတ်လုပ်ပြီး လက်အိတ်များ၏ အရည်အသွေးစစ်ဆေးမှုလုပ်ငန်းများ၊ သန့်စင်ပြီး အရည်အသွေးစစ်ဆေးပြီး လက်အိတ်များကို အိတ်သွတ်ခြင်းလုပ်ငန်းများကို စစ်ဆေးပြီး စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဆိုက်ပရပ်(စ်)နိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်) သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယူရီဂိုးစ် လိုင်လီကပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း အမှတ် ၁၀၄ နေ ဦးဉာဏ်၊ ဒေါ်ခင်ရီ၊ ကြည်ကြည်၊ ချိုချို၊ ကိုကို၊ ညီညီ၊ မင်းမင်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ အမှတ် ၈၀ မြေညီထပ် ၁၆၆ လမ်း တာမွေမြို့နယ်နေ ဦးမောင်ဆိုင်–ဒေါ်အေးကြည် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးဝိနိယ(ဝံသမေဒိနီ)ရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မင်္ဂလာဒုံမြို့နယ် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ရော်ဘာလက်အိတ်စက်ရုံ(ပျဉ်းမပင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်–၁ စက်မှု)

ရောမ အဝေးကြည့်မှန်ပြောင်းစီမံကိန်း နိုင်ငံအများအပြား ယှဉ်ပြိုင်

ရောမအဝေးကြည့်မှန်ပြောင်း စီမံကိန်းကို အိမ်ရှင်အဖြစ် လက်ခံရရှိစေရန် နိုင်ငံအများအပြား ယှဉ်ပြိုင်ကြသည်။

၂၁ ရာစုတွင် ကြီးမားသော သိပ္ပံစီမံကိန်းများအနက် တစ်ခုဖြစ်သည့် အဆိုပါ အက်စ်ကေအေစီမံကိန်းကို ဩစတြေးလျနိုင်ငံ သို့မဟုတ် တောင်အာဖရိကနိုင်ငံတို့က ရရှိကြမည်ဖြစ်ကြောင်း သိရသည်။



စူးစမ်းမည်

အက်စ်ကေအေ စီမံကိန်းက နက္ခတ်ပညာတွင် ထင်ရှားသော ပြဿနာများကို ဖြေရှင်းပေးရန် စီမံကိန်းကောင်းကင်တိုင်၏ ကြီးမားသော စက်ကွင်းက မိုးကောင်းကင်တစ်ခုလုံးကို လွှမ်းထားမည်ဖြစ်သည်။ စကြဝဠာ အဦးအစအိုင်စတိုင်း၏ ကမ္ဘာ့ဆွဲငင်မှုဆိုင်ရာ အယူအဆ စသည်တို့ကို စူးစမ်းမည်ဖြစ်သည်။

အကွာအဝေး

စီမံကိန်း၏ ဦးစီးကော်မတီက စီမံကိန်းနေရာအတွက် အဓိက နှစ်နေရာကို ရွေးထားသည်။ ၎င်းတို့မှာ ဩစတြေးလျနိုင်ငံအနောက်ပိုင်း မီကာသာရာ အနောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်ဝေးသည့်နေရာနှင့် တောင်အာဖရိကနိုင်ငံ ကာနာဗွန်မှ ၈၅ ကီလိုမီတာခန့်အကွာရှိ နေရာတို့ဖြစ်သည်။

အပြီးသတ်ရွေးချယ်မှုမှာ သက်ဆိုင်ရာ အစိုးရအနေဖြင့် စီမံကိန်းကို မည်မျှ အထောက်အကူပြုနိုင်သည်ဆိုမှု အပါအဝင် အကြောင်းအရာများစွာပေါ်တွင်မူတည်နေသည်။ **(အင်တာနက်)**



ထိပ်ပြောင်

ထိုသို့ လုပ်ဆောင်တတ်သူများသည် ဆံပင်များ ကျွတ်တတ်သည်၊ သို့မဟုတ် ထိပ်ကွက်ခေါင်းပြောင်တတ်သည်။ သို့သော်သူတို့သည် သူတို့၏အကျင့်ကို မကြာခဏ ဖုံးကွယ်ထားတတ်ကြသည်။

လန်ဒန်ရှိ ဂျူတက္ကသိုလ် သိပ္ပံပညာရှင်များက မိသားစု၄၄စုကို စမ်းသပ်ပြီး ယင်းသို့ တွေ့ရှိရခြင်းဖြစ်သည် ဆို၏။ **(ကိုးကား–အင်တာနက်)**

မိမိဆံပင်မိမိဆွဲနုတ်မှု ဗီဇပြောင်းလဲမှုကြောင့်ဖြစ်

ဆန္ဒပြင်းစွာ မိမိဆံပင်ကို မိမိ ဆွဲနုတ်သည့်အလေ့အထဖြစ်လာစေသည့် အမှုအကျင့်မှာ ဗီဇပြောင်းလဲမှုကြောင့်ဖြစ်ကြောင်းကို ဇီဝပညာရှင်များက တွေ့ရှိကြောင်း သိရသည်။

ရောဂါလက္ခဏာ

ထိုသို့ဖြစ်ပြီးနောက် မကြာခဏ စိတ်သောကရောက်ခြင်း၊ စိတ်အားငယ်ခြင်း၊ အစွဲအလမ်းကြီးခြင်းစသည့် ပုံမမှန်မှု သို့မဟုတ် အာရုံကြောနှင့် စပ်ဆိုင်သော ရောဂါလက္ခဏာစုများ ပေါ်ပေါက်တတ်သည်ဆို၏။

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ကျန်းမာရေးဝန်ကြီးဌာနမှအထူးကုဆရာဝန်ကြီးများ နှစ်လလျှင်တစ်ကြိမ် အဘိုးအဘွားများအားအခမဲ့ကုသပေး

● ကျောဖုံးမှ

ဘိုးဘွားရိပ်သာလည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ပြုစုစောင့်ရှောက်နေမှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

အဘွားတစ်ဦးအား ကျန်းမာရေး စစ်ဆေးကုသပေးနေစဉ်။
ဓာတ်ပုံ–တင်စိုး(မြန်မာအလင်း)

အဆောက်အအုံများ

မြေအကျယ်အဝန်းခုနစ်ဧကအပေါ်တွင် တည်ဆောက်ထားသော နှင်းဆီကုန်းဘိုးဘွားရိပ်သာသည် နေရာလွတ်မရှိအောင် အဆောက်အအုံများဖြင့် ပြည့်လျက်ရှိသည်။ဘိုးဘွားများအတွက် ဆေးရုံ၊ စားရိပ်သာ၊ အိပ်ဆောင်၊ တရားရိပ်သာ စသည်တို့ဖြင့်ဖွဲ့စည်းထားရာ အဓိကအားဖြင့် ဘိုးဘွားများနှင့် ပတ်သက်သည့် အဆောင်များပင်ဖြစ်သည်။



"အချက် ခြောက်ချက်နဲ့အညီ ပြုစုစောင့်ရှောက်နေပါတယ်"
နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ လူမှုဆက်ဆံရေးမှူးဒေါ်မြင့်မြင့်စန်း။
ဓာတ်ပုံ–တင်စိုး(မြန်မာအလင်း)

စောင့်ရှောက်နေ

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ လူမှုဆက်ဆံရေးမှူး ဒေါ်မြင့်မြင့်စန်းက ဘိုးဘွားများအား ပြုစုစောင့်ရှောက်မှုနှင့်ပတ်သက်၍ "ဒီရိပ်သာမှာရှိတဲ့ အဘိုးအဘွားတွေရဲ့ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ ကုသရေးနဲ့ စိတ်ပျော်ရွှင်ရေးဆိုတဲ့ အချက်ခြောက်ချက်နဲ့အညီ ပြုစုစောင့်ရှောက်ပေးနေပါတယ်"ဟုရှင်းပြသည်။

ကျွေးမွေး

ဘိုးဘွားများကို တစ်နေ့လျှင် လေးကြိမ်ကျွေးမွေးလျက်ရှိရာနံနက်စာကို နံနက်၅နာရီ မိနစ်၃၀၊ နေ့လယ်စာကို နံနက်၁၀နာရီ မိနစ်၃၀၊ မွန်းလွဲစာကို မွန်းလွဲ၁နာရီ မိနစ်၃၀နှင့် ညနေစာကို ညနေ၄နာရီ မိနစ်၃၀ တို့တွင် ကျွေးမွေးကြောင်း ဒေါ်မြင့်မြင့်စန်းက မြန်မာ့အလင်းသို့ရှင်းပြသည်။

ထို့အတူ အသက်၉၇နှစ်အရွယ်ရှိ ဘိုးချစ်ကလည်း ခါးနာ၍ ဆေးရုံမှာ ဆေးကုသမှုခံနေတာပါ၊ အခု သက်သာနေပါပြီ၊ နေထိုင်စားသောက်လို့လဲ ကောင်းပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကျန်းမာရေး

ဘိုးဘွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ရိပ်သာအတွင်းရှိ ဆေးရုံ၌ အမြဲတမ်း ဆရာဝန်နှင့် ကျန်းမာရေးအဖွဲ့ဝင်၃၅ဦးတို့က နေ့ရောညပါ ကြည့်ရှုကုသပေးလျက်ရှိသည်။လက်ရှိ ရိပ်သာတွင်ရှိနေသော ဘိုးဘွား၂၂၉ဦး အနက် ၈၀ကျော်မှာ ဆေးရုံ၌ဆေးကုသမှုခံနေရသူများဖြစ်သည်။

အနီးကပ်ပြုစု

ဆေးရုံ၌ ဆေးကုသမှုခံနေရသူများ အားလုံးမှာလည်း တာဝန်ကျဆရာဝန်များ၏ အနီးကပ်ပြုစုကုသမှုကြောင့် ဆိုးရွားသောလူနာအဘိုးအဘွားတစ်ဦးမျှ မတွေ့ရချေ။ ရိပ်သာဆေးရုံတွင် ဆေးကုသခံယူနေသော အသက်၈၆ နှစ်အရွယ်ရှိ အဘွားအေးလှိုင်အား ကျန်းမာရေးအခြေအနေမေးမြန်းရာ **"နှလုံးရောဂါနှင့် အစာအိမ်ရောဂါဖြစ်တာပါ၊ ဆရာဝန်တွေက အခုလိုအချိန်ပြည့်ကုသပေးနေတာကြောင့် သက်သာပါတယ်၊ အစားအသောက်လဲ စားနိုင်ပါတယ်"**ဟု အဘွားအေးလှိုင်က ပြောကြားသည်။

ကုသပေး

အဘိုးအဘွားများအတွက်ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က နှစ်လတစ်ကြိမ် လာရောက်ပြီး အခမဲ့ဆေးကုသမှုနှင့် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးနေသလို တိုင်းရင်းဆေးဆရာကြီးများကလည်း နေ့စဉ် အလှည့်ကျ လာရောက် ကုသပေးလျက်ရှိနေသည်ကို ဝမ်းမြောက်စွာ တွေ့ရှိရသည်။

ထို့အတူ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများကလည်း တစ်ပတ်တစ်ကြိမ် လာရောက်ကာ အဘိုးအဘွားများအား စစ်ဆေးကုသပေးလျက် ရှိနေသည်။ မျက်စိရောဂါ အတွက်လည်း သက်ဆိုင်ရာ ဆရာဝန်ကြီးများက ကြည့်ရှုကုသပေးပြီး လိုအပ်ပါက ရန်ကုန်မြို့ ဗိုဝိတဒါန ဆေးရုံကြီးတွင် တက်ရောက်ကုသစေကြောင်း၊ အလားတူ အဆုတ်ရောဂါ၊ အခြားရောဂါများဖြစ်ပွားလျှင်လည်း ပိုမိုကောင်းမွန်ပြည့်စုံသော ဆေးရုံများသို့ တင်ပို့ကုသစေလျက်ရှိသည်။

အဘွားများကို ဝန်ထမ်းများက ခြေသည်းလက်သည်း ဤသို့ညှပ်ပေးကြသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာအလင်း)

သန့်ရှင်းကျန်းမာရေး

ထို့အပြင် အခြားဘာသာရေးအဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့ဝင်များကလည်း အခါအားလျော်စွာ အဘိုးအဘွားတို့အားစုပေါင်းပြီး တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာရေးများကိုလည်း လာရောက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးချို့တဲ့ပြီး မိမိကိုယ်တိုင်ထိန်းသိမ်းနိုင်စွမ်းမရှိသူ ဘိုးဘွားများအတွက် ဒုက္ခိတဆောင်သီးခြားထားရှိကာ အနီးကပ်ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ကျန်းမာရေးကော်မတီက ပုံမှန်အစည်းအဝေးများ ပြုလုပ်ပြီး ဘိုးဘွားများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ လမ်းညွှန်ခြင်း၊ အာဟာရတန်ဖိုးတွက်ချက်ပေးခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမှုများလည်း ဆောင်ရွက်ပေးကြောင်းသိရသည်။

ကျန်းမာရေးအတွက် အဘိုးအဘွားတို့အနေဖြင့် အနောက်တိုင်းဆေးဝါးအပြင် တိုင်းရင်းဆေးဝါးကိုလည်း ကြိုက်နှစ်သက်သလို ရွေးချယ်ကုသနိုင်သည်ဖြစ်ရာ အဘိုးအဘွားတို့ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဘိုးဘွားများက မေတ္တာဝေ ကျန်းမာချမ်းသာကြပါစေ စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရ အဘိုးကိုကိုကြီး ၇၄ နှစ်အား ဆုချီးမြှင့်စဉ်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လေ့လာရေး

ထို့အပြင် ဘိုးဘွားများ ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် ဘိုးဘွားနေ့များ ကျင်းပခြင်း၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း၊ ဘုရားဖူးနှင့် လေ့လာရေးခရီးပို့ဆောင်ပေးခြင်း၊ ပြေးပွဲပြိုင်ပွဲများ ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

တရားဘာဝနာ ပြုရာတွင်လည်း ရိပ်သာဓမ္မာရုံ၌ တစ်နေ့ လေးကြိမ် စုဝေးဘုရားဝတ်ပြုခြင်း၊ ဘာဝနာပွားခြင်း၊ ရိပ်သာအတွင်း အဘိုးအဘွားများ နေ့စဉ်သံဃာတော်များအား ဆွမ်းလောင်းလှူရန် ဆောင်ရွက်ပေးခြင်း၊ ဥပုသ်နေ့တိုင်း သံဃာတော်များအား ပင့်ဆောင်၍ သီလခံယူစေခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နှင်းဆီကုန်း ဘိုးဘွားဆေးရုံနှင့် ဓမ္မာရုံကြီးကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဆုပေးအပ်

မကြာမီက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးရာ အဘိုးအဘွား ၂၅ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယဆုများပေးအပ်ချီးမြှင့်ပေးခဲ့သည်။

"သက်ကြီးရွယ်အိုများ ပြုစုခြင်းသည်ငါ့အားပြုစုခြင်းလည်းမည်၏"ဟု ဗုဒ္ဓမြတ်စွာဟောကြားခဲ့သလိုပင် မိမိတို့ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများကို လက်လှမ်းမီသမျှပြုစုခြင်းဖြင့် **သက်ရွယ်စုံညီလူ့ဘောင်စီသို့**ဟူသော ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သီတဂူဆရာတော် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၃၀

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိသီတဂူဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ(D.Litt., Ph.D)သည် ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက် (အောက်တိုဘာ ၇ရက်) ည ၇နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ သီတဂူသာသနာ့ဗိမာန်တော်အကြောင်းနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဒ္ဒန္တ ဇဋိလဆရာတော်တရားပွဲ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇဋိလဆရာတော်သည် (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၆ရက် (သောကြာနေ့) မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပြီး ဆရာတော်အား ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

❒ ကျောဖုံးမှ

၃။ လက်ရှိကျင်းပလျက်ရှိသော အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားကိုယ်စားလှယ်များနှင့် လူထုလူတန်းစား ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်တို့သည် တစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလျက်ရှိကြရာ အခြေခံမူ ၁၀၄ချက်နှင့် အသေးစိတ်အခြေခံရမည့် မူများပါ ချမှတ်နိုင်သည့်အတွက် မြန်မာနိုင်ငံအခြေအနေအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းခြင်းသည် အမျိုးသားညီလာခံ ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်မှုသာ ဖြစ်သည်။

၄။ အမေရိကန်နိုင်ငံသည် တစ်ကမ္ဘာလုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်လုံခြုံရေး ဗိုလ်ကျစိုးမိုးနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ခုတုံးလုပ်အသုံးချလျက် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များကို နည်းလမ်းမျိုးစုံ ဖိအားပေးပြီး နိုင်ငံရေးအကျဉ်းသားပြဿနာ၊ ဒုက္ခသည်များပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာနှင့် အေအိုင်ဒီအက်စ်အပါအဝင် ကူးစက်ရောဂါပြဿနာများအပေါ် အကြောင်းပြ၍ မြန်မာနိုင်ငံ၏ ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုများကို အလုံးစုံယိုယွင်း ပျက်စီးသွားစေရန် ကြံရွယ်ချက်ဖြင့် လုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံပြည်တွင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှုလုပ်ရပ်ကို လုံးဝလက်မခံနိုင်ကြောင်းနှင့် ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ခမ်းထီ
ဥက္ကဋ္ဌ
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ပုသိမ်တက္ကသိုလ်အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း လူမှုရေးအသင်းအဖွဲ့များ ပေါင်းသင်မြက်ရှင်းခြင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၂၃ရက် နံနက်ပိုင်းက ပုသိမ်တက္ကသိုလ်အတွင်းရှိ ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း ပေါင်းသင်ခြင်း၊ မြက်ရှင်းခြင်းပြုလုပ်လျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ၏ လုပ်အားပေးဆောင်ရွက်မှုများကို ကြည့်ရှုအားပေးသည်။ (အောက်ပုံ)

ထို့နောက် တိုင်းမှူးသည် ပုသိမ်တက္ကသိုလ်အဝင် လမ်းမကြီးတိုးချဲ့တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူစိုက်ခင်း အမှတ်(၁)သို့ရောက်ရှိခဲ့ပြီး ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကန်သာယာရေကူးကန်သို့ ရောက်ရှိပြီး ရေကူးကန်အတွင်း ရေများသန့်ရှင်းရေး၊ ကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့အား တာဝန်ရှိသူများအား မှာကြားသည်။

ဖူးမြော်ကြည်ညို

တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ အသစ်ပြန်လည် မွမ်းမံတည်ဆောက်မည့် သကျမုနိရွှေသာလျောင်း တန်ဆောင်းတော် လုပ်ငန်းခွင်နေရာကို ကြည့်ရှုစစ်ဆေးပြီး ကြီးကြပ်ရေးကော်မတီဝင်များ၊ ဆောက်လုပ်ရေးတာဝန်ခံများအား တွေ့ဆုံ၍ လိုအပ်ချက်များမှာကြားပြီး တိုက်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား ဖူးမြော်ကြည်ညိုသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကမ်းနားလမ်း စိန်ကုန်းကူးတို့ဆိပ်အနီး မြေဖြည့်ခြင်း၊ အုတ်တံတိုင်းများ ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဉာဏ်ဝင်း နေပြည်တော်သို့ ပြန်လည်ရောက်ရှိ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (အောက်ပုံ)

ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းလည်း ပြန်လည်လိုက်ပါလာသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးသည် စက်တင်ဘာ၂၆ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေး၌အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကိုပြောကြားသည်။

ဝန်ကြီးသည် စက်တင်ဘာ၂၆ရက်တွင် ကုလသမဂ္ဂ ဌာနချုပ်၌ အစေးကိုလည်းကောင်း၊ အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့် အလွတ်သဘော နေ့လယ်စာစားပွဲကို လည်းကောင်း တက်ရောက်ခဲ့သည်။ ထို့အပြင် (၇၇)နိုင်ငံအုပ်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ (၁၃)ကြိမ်မြောက် နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးကိုလည်း တက်ရောက်ခဲ့သည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ သံတမန်အဆက်အသွယ်ပြုလုပ်သည့်ပူးတွဲကြေညာချက်ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ လက်မှတ်ရေးထိုးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တက်ရောက်ခဲ့

နယူးယောက်မြို့၌ ရှိစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးသည် စက်တင်ဘာ၂၂ရက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းကျင်းပခဲ့သော အာဆီယံနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အီးစီအိုတို့ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

မုန်တိုင်းအကြွင်းအကျန်ကြောင့် မိုးထစ်ချုန်းနိုင်

ရန်ကုန် စက်တင်ဘာ ၃၀

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော ဇန်စိန်းအမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် နောက်၂၄နာရီအတွင်း ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ပြီးနောက် မုန်တိုင်းအကြွင်းအကျန်များသည် အနောက်မြောက်ပိုင်းသို့ ရွေ့လျားမည်ဟု ခန့်မှန်းသည်။ အဆိုပါ မုန်တိုင်းအကြွင်းအကျန်များ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက်၇၂နာရီအတွင်း မန္တလေးတိုင်း တောင်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းနိုင်ပြီး မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အဘိဓမ္မာအခါတော်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် စက်တင်ဘာ ၃၀

ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာ ကလျာဏအသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၆ ရက် (သောကြာနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း သိမ်ကုန်းတိုက်ရှိ ပညာလင်္ကာရ(ပလက်ဝ)ဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူရှင် ဦးကျော်ဇောလှ-ဒေါ်အေးအေးမြ မိသားစု(စင်ကာပူ)က ဆွမ်းဘောဇဉ်များကို လှူဒါန်းမည်ဖြစ်ရာ မြို့နယ်သူမြို့နယ်သားများ၊ အသင်းသူအသင်းသားများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို သုံးထပ်အဆောက်အအုံလှူဒါန်းမှုလက်ခံ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၈)ရပ်ကွက် လမ်း၃၀ အထက်လမ်းရှိ အဆောက်အအုံ အမှတ်၂၃၆နှင့် ၂၃၈တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အားလုံးကို ဘိုးဘွား၊ မိဘများအတွက် ရည်စူး၍ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ၄နာရီတွင် အဆိုပါ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးရင်ပြင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လှူဒါန်းပွဲသို့သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်နှင့်တာဝန်ရှိသူများ၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေကျော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် ဗဟန်းမြို့နယ် အမှတ်(၁)ပြည်ထောင်စုလမ်းနေ ဒေါ်ပန်းစန္ဒာထွန်း၊ လှိုင်မြို့နယ် ခပေါင်းအိမ်ရာ တိုက်(၅) အခန်း ၁၀၂နေ ဒေါ်စောဝတ်ရည်ဦးတို့က ပန်းဘဲတန်းမြို့နယ် လမ်း၃၀ အထက်လမ်းရှိ အဆောက်အအုံ အမှတ်၂၃၆နှင့် ၂၃၈မြေပေါ်ရှိ ၁၂ခန်းပါ သုံးထပ်အဆောက်အအုံနှင့် ပတ်သက်သည့် စာချုပ်စာတမ်းများကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ရှာရန်ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

❒ ရှေ့ဖုံးမှ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင် (၂၂/၆)မှ (၅၂/၀)(ရှမ်းပြည်နယ်အပိုင်း) တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဖေက လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်၊အမြင့်ဖြေခြင်း၊ လမ်းတာပေါင်ချဲ့ခြင်း၊ မြေကာနံရံတည်ဆောက်ခြင်း၊ ငါးပေခန်းဖွင့် တံတားလေးခင်းတည်ဆောက်ခြင်းနှင့် ကျောက်မိုင်းခွဲလမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(လမ်း) ဦးကျော်လွင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းချောဖြစ်အောင် ခင်းကျင်းရေး၊ လမ်းအနိမ့်အမြင့်၊ အကွေ့အကောက် ပြေပြစ်အောင် ဆောင်ရွက်ရေး၊ လမ်းတိုးချဲ့ဖောက်လုပ်မှု စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရေးနှင့် လမ်းအဆက်အသွယ် မပြတ်တောက်စေရေး အထူးဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ရာနှုန်းပြည့်ပြီးစီး

အဆိုပါ တိုးချဲ့ဖောက်လုပ်နေသော အရှည်မိုင် ၃၀ရှိ လမ်းပိုင်းတွင် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ပေ ၃၀၊ ပေ ၄၀ တာပေါင်ချဲ့ခြင်း၊ ၁၅ ဖာလုံ၊ မြေကာနံရံတည်ဆောက်ခြင်း၊ ပေ ၉၀ ငါးပေခန်းဖွင့် တံတားလေးခင်း တည်ဆောက်ရန် လျာထားချက်များအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ကျောက်မိုင်းခွဲလမ်း ချဲ့ခြင်း ၆၅ ရာခိုင်နှုန်း၊ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း ၅၀ရာခိုင်နှုန်းနှင့် လမ်းအနိမ့်အမြင့်ဖြေခြင်း ၈၈ ရာခိုင်နှုန်းတို့ ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည်တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ပျဉ်းမနား-ပင်လောင်းလမ်း လိန်းလီကျေးရွာအနီးရှိ လိန်းလီ တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း၊အထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဆွေက တံတားအုတ်မြစ် ဘိုးပိုင်တူးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတားနှင့် ပင်မတံတား ဆက်လက် တည်ဆောက်သွားမည့်

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအလှူအတွက် ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း ကိုစိုးမိုးနိုင်- မနီနီဦးမိသားစုက သားငယ်သက်ပိုင်စိုး၏ (၉)နှစ်မြောက် မွေးနေ့ဒါနအဖြစ် ငွေကျပ်တစ်သိန်းတစ်သောင်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်း တင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်၏ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် အပါအဝင်ဖြစ်သော လိန်းလီကြိုးတံတားကို တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရက ဒေသနေပြည်သူများအတွက် စေတနာထား၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် လမ်းသစ်၊ တံတားသစ်များကို တည်ဆောက်ပေးနေသကဲ့သို့ တံတားတည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများအပိုင်းကလည်း နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေးရှုပြီး အစဉ်တည်တံ့ကြံ့ခိုင်သော ကြိုးတံတားကြီးတစ်စင်းအဖြစ် ပေါ်ထွန်းလာစေရေး ကြိုးပမ်းတည်ဆောက်သွားကြရန်နှင့် ဆက်စပ်ဌာနဆိုင်ရာများ ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လိန်းလီကြိုးတံတားမှာ နေပြည်တော်- ပင်လောင်းလမ်းပေါ်၌ ပေါင်းလောင်းချောင်းကိုဖြတ်၍ တည်ဆောက်သွားမည်ဖြစ်ရာ တံတားအရှည် ပေ၁၇၆၀၊ ပင်မကြိုးတံတားအရှည်ပေ ၁၀၀၀၊ ချဉ်းကပ်တံတားအရှည် တစ်ဖက်လျှင် ပေ ၃၈၀ စီ၊ ယာဉ်သွားလမ်း နှစ်လမ်းမောင်းအကျယ် ၂၈ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီ၊ သံမဏိသံပေါင်ကြိုးတံတားအမျိုးအစား၊ ရေလမ်းကင်းလွတ်နယ်အမြင့် ကိုးပေ၊ အကျယ်ပေ ၈၈၀နှင့် တံတားခံနိုင်ဝန် ၇၅တန်ဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း အရှည်ဆုံးကြိုးတံတားဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပင်လောင်း-နောင်တရားလမ်း လွယ်ပြားရွာအနီးရှိ ပင်လောင်း-တုံဟုံး-မိုင်းသောက်-ညောင်ရွှေလမ်း (အင်းလေးကန်ပတ်လမ်း) ဖောက်လုပ်ခြင်းစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(တောင်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က လမ်းအကြောင်းဖော်ခြင်း၊ မြေကြီးလုပ်ငန်း ပေ၄၀အကျယ် မြေသားလမ်းတာပေါင်ချဲ့ခြင်း၊ မြေသားတာပေါင်ဖို့ခြင်းနှင့် တံတားရေပြွန်တည်ဆောက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းကို သတ်မှတ်ကာလတွင် ပြီးစီးရေး၊ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းဖြစ်စေရေးနှင့် ကတ္တရာလမ်းချောအဖြစ် အဆင့်မြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပိုမိုသက်သာ

ပင်လောင်း-တုံဟုံး-မိုင်းသောက်-ညောင်ရွှေလမ်းသစ် (အင်းလေးကန်ပတ်လမ်း) အရှည် ၅၃မိုင် အနက် ပင်လောင်း-တုံဟုံးလမ်း အပိုင်း ၁၆မိုင်အရှည်မှာတစ်ကြောင်း ထိုးလမ်းသစ်ဖောက်လုပ်ခြင်းသည် ရာနှုန်းပြည့် ပြီးစီးနေပြီး မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်မိုင်းခွဲလမ်းချဲ့ခြင်းတို့လုပ်ငန်းများသည် ၅၀ရာခိုင်နှုန်း ပြီးစီးကာ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများ ပိုမိုအဆင်ပြေချောမွေ့စေရေး အတွက် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ကတ္တရာလမ်းချောအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခင်လမ်းဟောင်းဖြစ်သော ပင်လောင်း-နောင်တရား-တုံဟုံးလမ်းမှာ ၂၈မိုင် ၃ဖာလုံရှိပြီး ယခု အသစ်ဖောက်လုပ်သည့် ပင်လောင်း-လွယ်ပြား-တုံဟုံးလမ်းမှာ ၁၆မိုင်သာသွားလာရတော့မည်ဖြစ်ရာ ၁၂မိုင် ၃ဖာလုံ သွားလာမှု ပိုမိုသက်သာသွားမည်ဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နောင်ပီးကျေးရွာအနီးရှိ ပင်လောင်း-တုံဟုံး လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းခွင် အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီးက ပင်လောင်း-နောင်ပြီး ၁၀ မိုင် ၄ဖာလုံတစ်ကြောင်းထိုး မြေသားလမ်းသစ်ဖောက်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ဂရုပြုဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် တုံဟုံး တံတားသို့ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဆည်မြောင်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းဆွေတို့က အင်းလေးကန်မှ စီးဆင်းလာသော ဘီလူးချောင်း၏ မိုးဗြဲဆည်အတွင်းသို့ ချောင်းရေစီးဆင်းမှုနှင့် ချောင်းရေလျှံမှု ထိန်းသိမ်းရေး ဆောင်ရွက်မည့်အစီအမံများကိုရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ချောင်းရေလျှံမှုထိန်းသိမ်းရေးဆောင်ရွက်ရာတွင် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝအခြေအနေများထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် ဂရုပြုဆောင်ရွက်သွားကြရေး မှာကြားသည်။ **(သတင်းစဉ်)**

ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်မြို့ ရွှေမင်းဝံသာသနာရိပ်သာ အမှတ် ၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ရက် (သီတင်းကျွတ်လပြည့်ကျော် ၉ရက်) နံနက် ၈နာရီတွင် ရွှေမင်းဝံ မဟာဓမ္မဗိမာန်တော်အပေါ်အထပ်တွင် ကျင်းပမည်ဖြစ်ပြီး အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇မိုင် ကုန်းမြင့်ရိပ်သာ အမှတ် ၅/၆(က)နေ မိခင်ကြီး ဒေါ်တင်ကြည်အား ရည်စူး၍ ခင်ပွန်း ဦးစိန်ကြည်နှင့် သားသမီး မြေးတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကိုနှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

ရန်ကုန် စက်တင်ဘာ ၃၀

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နေရာများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(ကက)အုပ်စု ရန်ကုန်တိုင်း စစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ပြီး (ကက)အုပ်စု တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၃၅)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက်က မကွေးတိုင်းမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပညာရေးကောလိပ်မှ ကျောင်းသူ ကျောင်းသားများ၊ သူနာပြုတက္ကသိုလ်မှ ကျောင်းသူကျောင်းသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်း အင်အား ၉၀၀ခန့် တက်ရောက်ကြသည်။

ဆုချီးမြှင့်

ဆုရရှိကြသည့် ရဲတပ်ဖွဲ့များအား မကွေးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲမှူးခင်မောင်အေးတို့က ဆုများချီးမြှင့်ပေးအပ်ကြပြီး ရဲချုပ်တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ အမျိုးသားနှင့် အမျိုးသမီးအသင်းတို့အား ရဲချုပ်ကိုယ်စား မကွေးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်က ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးညှင်းဝိပဿနာတိုက်သစ် ဆရာတော်၏(၁၅)နှစ်ပြည့်ပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၁၈၅ ဓမ္မစေတီလမ်း ရွှေတောင်ကြား (၂) မိုးညှင်းဝိပဿနာတိုက်သစ် ကျေးဇူးရှင်မိုးညှင်းတိုက်သစ်ဆရာတော်ကြီး၏ (၁၅)နှစ်ပြည့်အထိမ်းအမှတ် သံဃိကသလာကဒါန ပင့်သံဃာ၁၀၈ ပါးတို့အား နေ့ဆွမ်းများဆက်ကပ် လှူဒါန်းပြီး သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်မှစ၍ လှူဒါန်းပူဇော်ရန် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်) အောက်တိုဘာ၇ရက်(စနေနေ့)တွင် မိုးညှင်းဝိပဿနာဓမ္မာရုံကြီး၌ ဆင်ယင်ကျင်းပ ပူဇော်လှူဒါန်းမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ မိုးညှင်း ဒါယကာ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

တရားပွဲများကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၀)ရပ်ကွက် သာသနာ့ရောင်ခြည် ဓမ္မာရုံတွင် ပထမအကြိမ် ထေရဝါဒ အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၆ရက် ည ၈နာရီတွင် ဘဒ္ဒန္တ သောဘန [ပုပ္ပား(၂) ဆရာတော်]၊ နိုဝင်ဘာ ၃ရက်၊ ၄ရက်နှင့် ၅ရက်များတွင် အရှင်မာလာစာရ (ညောင်ပင်သာ ဆရာတော်)တို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လီဗာပူးရှုံးနိမ့်၊ ချယ်လ်ဆီးသရေ အာဆင်နယ်အနိုင်ရသည့်ပရီမီယာလိဂ်

သတင်းမြင်ကွင်း-မြင့်စိုး

လန်ဒန် စက်တင်ဘာ ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၇)ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ၃၀ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘော်လ်တန်က အိမ်ကွင်း၌ လီဗာပူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရလိုက်သည်။

ဘင်နီတက်ဇ်၏ လီဗာပူးအသင်းသည် ဘော်လ်တန်ကိုရှုံးနိမ့်ခြင်းမှာ ယခုနှစ် ပရီမီယာလိဂ်ပွဲများယှဉ်ပြိုင်ရာတွင် သုံးပွဲဆက်တိုက် အဝေးကွင်းရှုံးနိမ့်မှုပင် ဖြစ်သည်။

ဘော်လ်တန်အသင်းအတွက် ဗွေဆော်ဦးဂိုးကို ပွဲပေါင်း၇၅၀မြောက် ပါဝင်ကစားသည့်ဂယ်ရီစပိဒ်ကအလွတ်တည်ကန်ဘောမှတစ်ဆင့်သွင်းယူခဲ့သည်။ ဒုတိယမြောက်ဂိုးကို အိုင်ဗင်ကမ်ပို့က ပွဲချိန်၅၁မိနစ်တွင် ကီဗင်ဒါးဗီးစ်ဖြတ်တင်ပို့လိုက်သော ဘောလုံးကို ခေါင်းတိုက်သွင်းယူရာမှ ရရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းမှ လုခ်မိုး (လယ်) **၏ ချယ်လ်ဆီးဘက်သို့ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

ဘော်လ်တန်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ခုနစ်ပွဲကစားလေးပွဲနိုင်၊ နှစ်ပွဲ သရေ၊ တစ်ပွဲရှုံးပြီး ၁၄မှတ်ဖြင့် တန်းစီဇယားဒုတိယနေရာသို့ ခုန်တက်လာနိုင်သည်။

ချယ်လ်ဆီး-အက်စ်တွန်ဗီလာ

အက်စ်တွန်ဗီလာအသင်းသည် အက်ဘွန်လာဟော်၏ ချေပဂိုးဖြင့် ချယ်လ်ဆီးအသင်း၏ ရာနှုန်းပြည့် အိမ်ကွင်းအနိုင်ရမှုစံချိန်ကို ရပ်တန့်ပစ်လိုက်သည်။

အိမ်ရှင်ချယ်လ်ဆီးအသင်းသည် ပွဲစပြီး သုံးမိနစ်မှာပင် ဒရော့ဘာက၎င်း၏ ပရီမီယာလိဂ်ပွဲတွင် သွင်းယူခဲ့သည့် ၁၅ဂိုးမြောက်အဖြစ် သွင်းယူနိုင်ခဲ့သည်။

သို့သော်လည်း အသက်၁၉နှစ်သာ ရှိသေးသည့် အက်ဘွန်လာဟော်က ပထမပိုင်းပြီးခါနီးတွင် ချေပဂိုးသွင်းယူခဲ့သည်။ ချန်ပီယံချယ်လ်ဆီးတို့ အနိုင်ဂိုးသွင်းနိုင်ရေး အကြိမ်ကြိမ် အက်စ်တွန်ဗီလာနောက်တန်းကို ထိုးဖောက်သော်လည်း ခံစစ်အားကောင်းသော ဗီလာတို့ကို မကျော်နိုင်၍ သရေဖြင့်သာ ကျေနပ်လိုက်ရသည်။

ချယ်လ်ဆီးတို့ အိမ်ကွင်းတွင် သရေပွဲကြုံသော်လည်း တန်းစီဇယားထိပ်ဆုံးနေရာကို ရရှိထားမြဲဖြစ်သည်။

ချာလ်တန်-အာဆင်နယ်

အာဆင်နယ်အသင်းသည် ဗန်ပါစီ၏ နှစ်ဂိုးသွင်းယူပေးမှုဖြင့် ချာလ်တန်အိမ်ကွင်း၌ ပရီမီယာလိဂ်တွင် တတိယမြောက် နိုင်ပွဲအဖြေကို ရှာနိုင်ခဲ့သည်။

ချာလ်တန်အသင်းအတွက် ဒါရင်ဘင့်က ပွဲစပြီး၂၁မိနစ်အကြာ ဦးဆောင်အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၎င်းသည် ဟက်ဆယ်ဘိမ့် ဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဗန်ပါစီက ပထမပိုင်း ၃၂မိနစ်တွင် အလက်ဇန္ဒားလက်ဘ်ဖန်တီးပေးသော ဘောလုံးမှတစ်ဆင့် အာဆင်နယ်အတွက် တစ်ဂိုးစတင်သွင်းယူလိုက်သည်။ ဒုတိယပိုင်းတွင် အီဘိုး ညာတောင်ပံမှဖြတ်ပို့သောဘောလုံးမှ တစ်ဆင့် ဗန်ပါစီကပင် အနိုင်ဂိုးကိုသွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် ခြောက်ပွဲကစားရာတွင် သုံးပွဲအနိုင်ရရှိကာ သတ္တမနေရာသို့ ရောက်လာသည်။

ထိုနေ့က အဲဗာတန်နှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

(အင်တာနက်)

အာဆင်နယ်တိုက်စစ်မှူး အွန်နရီ (ယာ) **ချာလ်တန်နောက်တန်းကို ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုဆောင်းပါး

အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း

သက်ကြီးရွယ်အို စောင့်ရှောက်ရေးဟုဆိုလိုက်လျှင် ဘိုးဘွားရိပ်သာများကိုသာ ပြေးမြင်မိကြလိမ့်မည်ဖြစ်ပါသည်။ စင်စစ် ဘိုးဘွားရိပ်သာများသည် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း များစွာအနက် နည်းလမ်းတစ်ခုမျှသာဖြစ်ပါသည်။ နိုင်ငံတကာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို လေ့လာကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည် ဖြစ်ပါသည်-

(က) အိမ်အရောက်စောင့်ရှောက်ခြင်း(Home Care Service) တစ်နည်းအားဖြင့် (Volunteer Base Service) စောင့်ရှောက်ရန်လိုအပ်သော အဘိုးအဘွားများကို စေတနာ့ဝန်ထမ်းများက အိမ်အရောက် စောင့်ရှောက်ပေးခြင်းဖြစ်ပါသည်။

(ခ) မိသားစု အခြေပြုစောင့်ရှောက်ခြင်း (Home Base Care Service)

(ဂ) ရပ်ရွာ အခြေပြုစောင့်ရှောက်ခြင်း (Community Base Care Service)

(ဃ) ဂေဟာငယ်များ တည်ထောင်ဖွင့်လှစ်၍ စောင့်ရှောက်ခြင်း (Group Home Care Service)

(င) နေ့စောင့်ရှောက်ရေး ဂေဟာများဖွင့်လှစ်စောင့်ရှောက်ခြင်း (Day Care Centre)

(စ) စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများထူထောင်ခြင်း (Volunteer Elderly Home)(သို့)(Home for the Aged)

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိပါသည်။ ထိုအထဲတွင် အသက် ၆၀ နှင့် အထက် အဘိုးအဘွား ၄ ဒသမ ၆ သန်းခန့် ရှိသည်ဟု သိရပါသည်။ မျက်မှောက်ကာလ၌ မြန်မာတစ်နိုင်ငံလုံးတွင် ဘိုးဘွားရိပ်သာ ၅၂ခုရှိပြီး ဘိုးဘွား ၂၁၉၆ ဦးကို ပြုစုစောင့်ရှောက်ထားပါသည်။ လက်ရှိ သက်ကြီးရွယ်အိုဦးရေနှင့် ဘိုးဘွားရိပ်သာများတွင် စောင့်ရှောက်ထားသော ဦးရေအချိုးအစားများကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက လုံလောက်မှုမရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းတွင် ဘိုးဘွားရိပ်သာ တည်ထောင်စောင့်ရှောက်သည့် နည်းလမ်းတစ်ခုတည်းဖြင့် မလုံလောက်နိုင်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

သို့ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့အရ သက်ကြီးရွယ်အို အဘိုးအဘွားများကို သက်ဆိုင်ရာ မိသားစုများက တန်ဖိုးထား စောင့်ရှောက်သည့် အစဉ်အလာရှိနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ယခုတိုင် သက်ကြီးရွယ်အို ပြဿနာပေါ်ပေါက်လာခြင်း မရှိသေးခြင်းဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအတော်များများတွင် တိုးပွားလာသော သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရေးအတွက် အပူတပြင်း ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရပါမည်။ အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်း နိုင်ငံများတွင်လည်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအစီအစဉ်များကို စုပေါင်း၍ နည်းလမ်းရှာဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုပြဿနာ ပေါ်ပေါက်ခြင်းမရှိသေးသော်လည်း သားထောက်သမီးခံမရှိ၍သော်လည်းကောင်း၊ ဆွေမျိုး သားချင်းနည်းပါး၍သော်လည်းကောင်း ကူညီစောင့်ရှောက်ပေးရန် လိုအပ်မည့် ဘိုးဘွားများရှိနိုင်ပါသည်။ ထို့ပြင် ဘိုးဘွားရိပ်သာများ၏ လက်ခံနိုင်သော ကျား/မ ဦးရေကန့်သတ်ချက်နှင့် အခြားစည်းကမ်းအချို့သော သတ်မှတ်ချက်များကြောင့်သော်လည်းကောင်း၊ ဘိုးဘွားများကိုယ်တိုင်က မိမိဒေသကို ခင်တွယ်ကြ၍သော်လည်းကောင်း၊ ဘိုးဘွားရိပ်သာများသို့ မသွားရောက်လိုသော ဘိုးဘွားများစွာရှိနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ဘိုးဘွားရိပ်သာများထူထောင်သည့် နည်းလမ်းတစ်ခုတည်းသာမက အခြားသော သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ်များဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ၂၀၀၃ခုနှစ် ဧပြီလမှစ၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသို့ ကိုရီးယားသမ္မတနိုင်ငံမှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့တစ်ခုဖြစ်သော Help Aged Korea အဖွဲ့က အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့်ပူးပေါင်း၍ **"အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးပုံစံ"**(Home Care for Older Peoples) တစ်ခုကို ချပြခဲ့ပါသည်။ အဆိုပါ စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ် Pilot Project Phase I ကို ၂၀၀၃ခုနှစ် ဧပြီလမှ ၂၀၀၆ခုနှစ် မတ်လအထိ အာဆီယံ၁၀နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၄ခုနှစ် ဧပြီလမှစ၍ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် ပြည်တွင်း NGO အဖွဲ့အစည်းတစ်ခုဖြစ်သော YMCA က လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ၂၀၀၆ ခုနှစ် မတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ ပြုလုပ်သော Home Care for Older People Pilot Project Phase I ပြန်လှန်သုံးသပ်ခြင်း အစည်းအဝေးတွင် အဆိုပါအစီအစဉ်သည် အာရှနိုင်ငံများ၏ ယဉ်ကျေးမှုရိုးရာဓလေ့များနှင့် ကိုက်ညီမှုရှိခြင်း၊ ငွေကုန်ကြေးကျမှုအနည်းဆုံးနှင့် အထိရောက်ဆုံးသော သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းဖြစ်ခြင်းတို့ကြောင့် ဆက်လက်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါအစီအစဉ်သည် အာဆီယံအဖွဲ့ကြီး၏ အစီအစဉ်တစ်ခု ဖြစ်သည့်အားလျော်စွာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံသည်လည်း Korea- ASEAN ပူးပေါင်း အစီအစဉ်တစ်ခုဖြစ်သည့် Home Care for Older People Pilot Project Phase II (2006-2009) တွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၎င်းစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့်အတူ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(INGOs) များနှင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်၏ အဓိကအနှစ်သာရမှာ စောင့်ရှောက်ရန်လိုအပ်သော ဘိုးဘွားများရှိရာသို့ လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်းများက အိမ်တိုင်ရာရောက် သွားရောက်စောင့်ရှောက်သောနည်းလမ်းပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဘိုး၊အဘွားတစ်ဦးကို စေတနာရှင်တစ်ဦးက အလုပ်ခွင်မပျက် စောင့်ရှောက်ခြင်းပင်ဖြစ်ပါသည်။ စေတနာရှင်၏ ပေးစွမ်းနိုင်သောအချိန်ပေါ်မူတည်၍ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့်၊ တစ်ကြိမ်လျှင် သုံးနာရီခန့် အချိန်ပေး၍ သွားရောက်စောင့်ရှောက်ခြင်း ဖြစ်ပါသည်။

ကိုကြွေး(ဘူမိဗေဒ)

Home Care for Older People အစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးကာ အားငယ်ပြီး အထီးကျန်ဆန်နေသော ဘိုးဘွားများကို ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်မှုရှိစေရန် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

စောင့်ရှောက်ခံ ဘိုးဘွားများရွေးချယ်ရာတွင် အသက် ၆၀ နှင့်အထက်ရှိသူ၊ မသန်စွမ်းဖြစ်နေသူ၊ ဆင်းရဲနွမ်းပါးသူ၊ မည်သူတစ်ဦးတစ်ယောက်၏ ထောက်ပံ့ကူညီမှုမရဘဲ နေထိုင်နေရသူ၊ မိမိဘဝရပ်တည်ရေးအတွက် ဝင်ငွေလုံလောက်မှုမရှိသူ၊ အထီးကျန်ဆန်သူ ဘိုးဘွားများကို ဦးစားပေး ရွေးချယ်ပါသည်။

စေတနာ့ဝန်ထမ်းများကို ရွေးချယ်ရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်း ကျန်းမာသန်စွမ်းသူ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းကို အချိန်ပေးနိုင်သူ၊ သက်ကြီးရွယ်အိုများကို စောင့်ရှောက်သော လူမှုဝန်ထမ်းစိတ်ဓာတ်ရှိသူ၊ အိမ်အရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း သင်တန်း တက်ရောက်ပြီးသူများကို ရွေးချယ်ပါသည်။

အိမ်အရောက် စောင့်ရှောက်သည့်လုပ်ငန်းကို ဖော်ဆောင်ရာတွင် စေတနာ့ဝန်ထမ်းတစ်ဦးသည် စောင့်ရှောက်ခံ အဘိုးအဘွားရှိရာသို့ အရောက်သွား၍ ၎င်းနေထိုင်ရာနေရာကို ဝိုင်းဝန်းသန့်ရှင်းပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ကူညီဆောင်ရွက်ပေးခြင်း၊ လွယ်လင့်တကူ စားသောက်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ အဘိုးအဘွား နှစ်သက်ရာအကြောင်းအရာများကို အချိန်ပေး ပြောဆိုဆွေးနွေးခြင်း၊ နားထောင်ပေးခြင်း၊ ရှေးဦးကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ သွေးပေါင်ချိန်တိုင်းပေးခြင်း၊ လိုအပ်မည်ဆိုပါက ထိုဒေသနှင့်သက်ဆိုင်သော အိမ်အရောက်သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းစေတနာ့ဝန်ထမ်းဆေးအဖွဲ့ကို အကြောင်းကြားပေးခြင်း၊ဆေးအဖွဲ့မှ လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း စသည့် စောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်ပါသည်။

အဘိုးအဘွားများသည် ၎င်းတို့ ဘဝတစ်လျှောက် တွေ့ကြုံခဲ့ရသည့် ဗဟုသုတများကို အမြဲပြန်လည်ပြောပြလိုသော သဘာဝရှိကြသဖြင့် စေတနာ့ဝန်ထမ်းများက စိတ်ရှည်လက်ရှည် နားထောင်ပေးခြင်းဖြင့် ၎င်းတို့ကို နှစ်သိမ့်ကျေနပ်စေရေးမှာ သတိပြုစရာ အချက်တစ်ချက်ဖြစ်ပါသည်။

Pilot Project အစတွင် စေတနာ့ဝန်ထမ်းများရရှိရေး စိုးရိမ်ပူပန်ခဲ့ရသော်လည်း မြန်မာတို့၏ ကူညီရိုင်းပင်းတတ်သော ဓလေ့အရ စီမံချက်မြို့နယ်များတွင် စေတနာ့ဝန်ထမ်းအရေအတွက် လိုအပ်သည်ထက် ပိုမိုရရှိခဲ့သည်။ အဆိုပါ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များထဲတွင် အစိုးရဌာနအမှုထမ်း၊ အရာထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါ စေတနာ့ဝန်ထမ်းများ၏ စိတ်ရင်းစေတနာ၊ မေတ္တာအပြည့်ဖြင့် ပြုစုစောင့်ရှောက်မှုကြောင့် လူ့ဘဝကိုအရှုံးပေးချင်နေသော၊ ဘဝကိုခက်ခဲစွာ ဖြတ်သန်းနေရသော၊ စောင့်ရှောက်ခံဘိုးဘွားများသည် လူ့ဘဝကို ချမ်းမြေ့ပျော်ရွှင်စွာ ဆက်လက်ဖြတ်သန်းလိုစိတ်များ ဖြစ်ပေါ်လာကြပြီး ၎င်းတို့၏ကျန်းမာရေးနှင့် လူမှုရေးအဆင့်တန်းများ မြင့်မားလာသည်ကို တွေ့ရှိရပါသည်။

အဆိုပါ စောင့်ရှောက်ရေးလုပ်ငန်းတွင် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးလည်းဖြစ်၊ ကိုယ်တိုင်လည်း အိမ်အရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆေးလုပ်ငန်းအဖွဲ့တွင် စေတနာ့ဝန်ထမ်းလုပ်ငန်းဆောင်ရွက်နေသော ဆရာဝန်တစ်ဦးလည်းဖြစ်သည့် ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့် (အငြိမ်းစား)(ကွယ်လွန်)ဆိုလျှင် မကွယ်လွန်မီနေ့အထိ ၎င်းစောင့်ရှောက်မှုပြုနေသောဘိုးဘွားများကို ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ပေးခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရပါသည်။ အလားတူ အခြားသောစေတနာ့ဝန်ထမ်းများသည်လည်း မိမိတို့၏ပေးနိုင်သောအချိန်များပေါ် မူတည်၍ အိမ်အရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးအစီအစဉ်တွင် အားတက်သရော ပါဝင်ထမ်းရွက်ခဲ့သည်မှာ ဝမ်းမြောက်ကြည်နူးဖွယ် ကောင်းလှပါသည်။

Home Care for Older People အစီအစဉ် ရှေးဦးလေ့လာတွေ့ရှိချက်များအရ ငွေကုန်ကြေးကျသက်သာပြီး အလွန်အကျိုးရှိသော လုပ်ငန်းတစ်ရပ်ဖြစ်သည်မှာ အမှန်ပင် ဖြစ်ပါသည်။ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးကလည်း ကိုရီးယား-အာဆီယံ ပူးပေါင်းဆောင်ရွက်သည့် (ROK-ASEAN Home Care for Older People)အစီအစဉ်ကို နိုင်ငံအလိုက် ကျယ်ပြန့်စွာဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။ မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့အရ သက်ကြီးရွယ်အိုများကို တန်ဖိုးထားစောင့်ရှောက်လျက်ရှိသည့် အစဉ်အလာများကြောင့် အဆိုပါအစီအစဉ်သည် အခြားနိုင်ငံများထက် ပိုမိုအောင်မြင်ရန် အခွင့်အလမ်းကောင်းများ ရှိနေပါသည်။ ထို့အပြင် နိုင်ငံအနှံ့ အဖွဲ့ဝင်အင်အား အများအပြားရှိသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကဲ့သို့သော NGO များရှိနေသည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရည်မှန်းချက်အတိုင်း အဆိုပါ အိမ်အရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အစီအစဉ်သည် တစ်နိုင်ငံလုံးအနှံ့ ဆောင်ရွက်ရန်မှာ အခက်အခဲရှိနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း အဆိုပါ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအစီအစဉ်တွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်နေသော နိုင်ငံတော်သစ်ကြီး၏ အသီးအပွင့်များကို အခြားနိုင်ငံသူနိုင်ငံသားများနည်းတူ သက်ကြီးရွယ်အို အဘိုးအဘွားများလည်း ခံစားစံစားနိုင်ကြစေရန်အတွက် အိမ်အရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးအစီအစဉ် Home Care for Older People တွင် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြ**ပါရန် နှိုးဆော် တိုက်တွန်းအပ်ပါသည်။ ။

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတော်သစ်ကြီး၏ အသီးအပွင့်များကို အခြားနိုင်ငံသူ နိုင်ငံသားများနည်းတူ သက်ကြီးရွယ်အို အဘိုးအဘွားများလည်း ခံစားစံစားနိုင်ကြစေရန်အတွက် အိမ်အရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအစီအစဉ် Home Care for Older People တွင် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြ။

စိုက်ပျိုးပြီးအပင်များ လုံလောက်သောအစိုဓာတ်ရရှိ ကိုင်းများပြာထွက်စေရေး ခေါင်ဖြတ်၊ပေါင်းရှင်း မိုးရာသီမကုန်မီ လျှာထားဧကပြည့်မီအောင် စိုက်ပျိုး

မန္တလေး စက်တင်ဘာ ၃၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် တိုင်းလျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်သောင်း၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပင်မဓာတ်အားခွဲရုံ ကျောက်ဆည်(ဘဲလင်း)ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိကြသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ရှေးဦးစွာ စီမံကိန်းမြေနေရာတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဆန်းဦး၊ တိုင်းဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးသော်တို့က လုပ်ငန်းနှင့်ပတ်သက်သော ဆောင်ရွက်နေမှုများနှင့် စီမံကိန်းနေရာသို့ ကားလမ်းဖောက်လုပ်မည့်အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးကလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘဲလင်းရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော ရွှေနန်းတော်ကုမ္ပဏီ၏ ယာလပ်မြေ စံပြခြစည်းရိုးကြက်ဆူစိုက်ခင်းသို့ရောက်ရှိရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် စိုက်ခင်းတာဝန်ခံ ဦးမြင့်ထူးတို့က ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**တိုင်းမှူးက လက်ရှိစိုက်ပျိုးပြီးအပင်များ လုံလောက်သော အစိုဓာတ်ရရှိနေသဖြင့် ကိုင်းများများဖြာထွက်စေရေး ခေါင်ဖြတ်ရန်၊ ပေါင်းပင်များ ရှင်းလင်းရန်၊ လိုအပ်သည့်ဓာတ် မြေသြဇာများသုံးစွဲရန်နှင့် မိုးရာသီမကုန်မီ လျာထားဧကေ ပြည့်မီအောင် ဆက်လက်စိုက်ပျိုးရန် မှာကြားသည်။

လျာထားချက်ပြည့်မီအောင်စိုက်ပျိုး

ကျောက်ဆည်ခရိုင် ဘဲလင်းကျေးရွာ ရွှေနန်းတော်ကုမ္ပဏီအနေဖြင့် ၂၀၀၆ခုနှစ်အတွင်း ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရန်အတွက် ဧက ၅၀ လျာထားရာမှ စုစုပေါင်းအပင် ၃၂၀၀၀ စိုက်ပျိုးပြီးဖြစ်၍ ၅၅ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ စိုက်ပျိုးရန်ကျန်သော ဧကများအတွက် လိုအပ်သော ပျိုးပင်များကို စုဆောင်းထားရှိပြီး သတ်မှတ်လျာထားချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ မြစ်ငယ် တံတားသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်တွင် မြစ်ငယ်တံတားစီမံကိန်း၊ တံတားအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက တံတားနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြရာ တိုင်းမှူးက စီမံကိန်းရှင်းလင်းဆောင် ရှုရပ်နေရာမှ တံတားနှင့် မြစ်ရေတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

ကိုလှဆောင် မွေးနေ့ အလှူအဖြစ် ရန်ကုန်မြို့ သင်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏလုံးသွယ်လမ်း အမှတ် (၁၅၂) နေ ဦးမောင်မောင်ခင်-ဒေါ်စောဝင်း၊ သား ကိုလှဆောင်-မစုစုအောင်၊ မြေး ဇော်မိုးမာန် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တပညာသိရိ လက်ခံရထံရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဦးဆောင် မော်လမြိုင်မြို့နယ် ထာဝရသွေးလှူရှင်များအသင်း သွေးလှူဒါန်း တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် ထာဝရသွေးလှူရှင်များအသင်း၏ သွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက်က မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့်ဇနီး မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ မော်လမြိုင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခေတ္တ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက သွေးလှူရှင်များအား ဂုဏ်ပြုလက်ဆောင်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

သွေးပုလင်း ၃၀၀ကျော်လှူဒါန်း

သွေးလှူဒါန်းပွဲတွင် လူမှုရေးအသင်းအဖွဲ့ဝင် ထာဝရသွေးလှူရှင် ၃၀ တို့က သွေးလှူဒါန်းကြပြီး အဆိုပါ ထာဝရသွေးလှူရှင်များ အသင်းအနေဖြင့် ဂုဏ်ပြုသွေးလှူပွဲ(၅)ကြိမ် အပါအဝင် အရေးပေါ် သွေးလှူဒါန်းခြင်းဖြင့် တစ်နှစ်တာကာလအတွင်းသွေးပုလင်းပေါင်း ၃၀၀ ကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပုဂ္ဂလိကစက်မှုကဏ္ဍတိုးတက်ရေးအတွက် စာရင်းကောက်ယူရေး ပုံစံများဖြည့်တင်းရန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဇင်ဦးနှင့်ဝန်ထမ်းများ စက်တင်ဘာ ၂၁ရက်က ညောင်ပင်ကျေးရွာနှင့် သရက်ပင်ချောင်ကျေးရွာရှိငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း စီမံကိန်းဇုန် အမှတ် ၁၊၂၊၃ရှိ လုပ်ငန်းရှင်များအား ကွင်းဆင်းစာရင်းကောက်ယူပြီး လုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၂၄ရက်က ဗမာအေးရပ်ကွက် တက်လမ်း စာကြည့်တိုက်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မောင်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်ဝိပဿနာ တရားပွဲများ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်ချမ်းသာ(၂)ရပ်ကွက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပဓာနနာယကအဖွဲ့ချုပ်နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရအရှင်သူမြတ်သည် အောက်တိုဘာ၁၃ရက်မှ ၂၂ရက်အထိ တောင်ဥက္ကလာပမြို့နယ် အဖွဲ့ခွဲ(၆၄)တွင်လည်းကောင်း၊ ၂၄ရက်မှ၃၀ရက်အထိ ခရမ်းမြို့နယ် အဖွဲ့ခွဲ(၄၀၆)တွင် လည်းကောင်း၊ နိုဝင်ဘာ၅ရက်မှ ၁၁ရက်အထိ အဖွဲ့ခွဲ(၉၇) မင်းဘူးမြို့၌ လည်းကောင်း၊ နိုဝင်ဘာ၁၄ရက်မှ ၂၀ရက်အထိ မောင်းမဂံကျေးရွာ အဖွဲ့ခွဲ(၃၈၆)တွင် လည်းကောင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် ပဋိစ္စသမုပ္ပာဒ်တရား၊ သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဟုသိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

မက်ခ်ီလီလီ၏ကွင်းလယ်ဖန်တီးမှုနှင့်အတူ ပြင်သစ်အသင်း ယူရိုခြေစစ်ပွဲများနွှဲမည်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၃၀

ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားနေသော မက်ခ်ီလီလီအား အောက်တိုဘာ ၇ ရက်တွင် စကော့တလန်အသင်းနှင့် ပြင်သစ်အသင်းတို့ ယူရို၂၀၀၈ခြေစစ်ပွဲ ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာ၌ ထည့်ကစားရန် ရွေးချယ်ထားကြောင်း ပြင်သစ်နည်းပြ ရေးမွန်းဒိုမီနက်က ပြောကြားလိုက်သည်။

ကြေညာ

အသက် ၃၃နှစ်ရှိ အဆိုပါကွင်းလယ်ကစားသမားသည် ကမ္ဘာ့ဖလားဖိုင်နယ်လုပွဲတွင် အီတလီအသင်းကို ရှုံးခဲ့၍ လက်ရွေးစင်ကစားသမားအဖြစ်မှ အနားယူရန် ကြေညာခဲ့ပြီးဖြစ်သည်။

သို့သော်လည်း နည်းပြ ဒိုမီနက်က ၎င်းအား ပြန်ခေါ်ကစားခဲ့ပြီး ယူရို၂၀၀၈အုပ်စု(ခ)ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ရာ ဂျော်ဂျီယာနှင့်အီတလီအသင်းတို့ကို အနိုင်ကစားနိုင်ခဲ့သည်။

မက်ခ်ီလီလီသည် ယူရို၂၀၀၈ခြေစစ်ပွဲအဖွင့် ပထမနှစ်ပွဲတွင် ခြေစွမ်းပြကစားခဲ့သူ ဖြစ်သည်။

ပါဝင်ကစား

ဂျူဗင်းတပ်စ် တိုက်စစ်မှူး ဒေးဗစ်ထရေဇီဂေးသည်လည်း ဂျော်ဂျီယာ၊ အီတလီနှင့်ပွဲတွင်ဒဏ်ရာကြောင့် လွဲခဲ့ပြီးနောက် ပြန်လည်ပါဝင်ကစားမည် ဖြစ်ကြောင်းသိရသည်။

အာဆင်နယ်မှ အွန်နရီ၊ မန်ယူရောက် ဆာဟာနှင့် လိုင်ယွန် တိုက်စစ်မှူး ဂိုဗော့တို့လည်း ပြင်သစ်အသင်း၏ ယူရိုခြေစစ်ပွဲတွင် ဝင်ရောက်ရန် အသင့်ဖြစ်နေကြသည်။

ချယ်လ်ဆီးရောက် ပြင်သစ်ကွင်းလယ်ကစားသမား မက်ခ်ီလီလီ။ (ဓာတ်ပုံ-အင်တာနက်)

ထို့အပြင် ပြင်သစ်အသင်းသည် နောက်တန်းတွင် သူရမ်၊ ဂါးလက်စ်၊ အလယ်တန်းတွင် ဗီယာရာ၊ ရစ်ဘရီ၊ ဗီယာရာ၊ ဗီလ်တော့လည်း ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘွန်ဒက်စ်လီဂါပွဲစဉ်(၆) ဆက်လက်ကစား ဒေါ့မွန်နှင့် ဟန်နိုဗာတို့ နှစ်ဂိုးစီသရေပွဲဖြစ်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် စက်တင်ဘာ ၃၀

ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ဒေါ့မွန်နှင့် ဟန်နိုဗာတို့ စက်တင်ဘာ ၂၉ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီသရေပွဲ ဖြစ်သွားခဲ့သည်။

ဒေါ့မွန်အသင်းသည် ၃-၅-၂ ပုံစံဖြင့် ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့ရာ ငါးမိနစ်အတွင်းမှာပင် ဒေါ့မွန်တိုက်စစ်မှူး စမိုလက်ခ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒေါ့မွန် ကွင်းလယ်မှ ဆန်တို့စ်၊ ကရိန်း၊ ကရူစကာနှင့် တင်ဂါတို့က တောင်ပံနှင့်ကွင်းလယ်မှ တိုက်စစ်ကို ပံ့ပိုးခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ် လွဲချော်နေမှုကြောင့် ပထမပိုင်း ပြီးသည်အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့ချေ။ ဟန်နိုဗာ၏ ချေပဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ပလန်ကော့အစားဝင်ကစားသည့် ဟက်မင်းက သွင်းယူလိုက်သဖြင့် ချေပဂိုးတစ်ဂိုး ရရှိသွားသည်။ သို့သော် ပွဲချိန် ၇၆မိနစ်၌ ဒေါ့မွန်တိုက်စစ်မှူး စမိုလက်ခ်က တစ်ဂိုးထပ်မံသွင်းယူခဲ့သော်လည်း ၇၆ မိနစ်တွင် ဟန်နိုဗာ ကွင်းလယ် ကစားသမား ဟုဇ်တီက ချက်ချင်းချေပဂိုး ပြန်သွင်းခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

ဒေါ့မွန်နှင့်ဟန်နိုဗာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယနေ့ပွဲတွင် ဟန်နိုဗာမှ ဟုဇ်တီ၊ ဟက်မင်းတို့ အဝါကတ်အထိခံရသလို ဒေါ့မွန်မှ ခရစ်ကာ၊ ပီနာရာတို့လည်း အဝါကတ် အထိခံခဲ့ရသည်။

ယခုပွဲသရေဖြစ်ခဲ့သဖြင့် ဒေါ့မွန်သည် ခြောက်ပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ၈ မှတ်ဖြင့် တန်းစီဇယား ဆဋ္ဌမနေရာသို့ တက်လာသည်။ ဟန်နိုဗာသည် ခြောက်ပွဲကစား၊ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် တန်းစီဇယား ၁၃နေရာတွင် ရှိနေသည်။ **(အင်တာနက်)**

မန်ယူနောက်တန်းလူဆေးဗက်စတား ခြေဖဝါးကျိုး၍ ခြောက်ပတ်နားရမည်

လန်ဒန် စက်တင်ဘာ ၃၀

မန်ချက်စတာယူနိုက်တက် နောက်တန်းလူ မိုက်ကယ်ဆေးဗက် စတားသည် ခြေဖဝါးရိုးကျိုးသွားသဖြင့် သီတင်းခြောက်ပတ်ကြာ အနားယူရလိမ့်မည် ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

မန်ယူနောက်တန်းကစားသမား ဆေးဗက်စတား။ (ဓာတ်ပုံ-အင်တာနက်)

ခြေဖဝါးကျိုး

အသက် ၂၉ နှစ်ရှိ ဆေးဗက်စတားသည် ယခုလအစောပိုင်းက အာဆင်နယ်နှင့် ယှဉ်ပြိုင်ကစားရာတွင် ခြေဖဝါးကျိုးခဲ့ရခြင်းဖြစ်သည်။

မန်ယူကစားသမားလည်းဖြစ် ပြင်သစ်လက်ရွေးစင်လည်း ဖြစ်သည့် ဆေးဗက်စတားသည် ဒဏ်ရာစ၍ ဖြစ်သည်မှ ပို၍အနာတရဖြစ်လာကြောင်း မန်ယူလက်ထောက်မန်နေဂျာ ကိုလို့စ်ကွီယာရော့ဇ်က ပြောကြားသည်။

ဟိန့်ဇ်

ဆေးဗက်စတား ဒဏ်ရာရနေသဖြင့် ၎င်း၏နေရာတွင် ဂါဘရီရယ်ဟိန့်ဇ်ကို ရွေးချယ်ဖွယ်ရှိသည်။ မန်ချက်စတာယူနိုက်တက်အသင်းတွင် လောလောဆယ်တွင် ရိုင်ယန်ဂစ်မပါသော်လည်း တောင့်တင်းခိုင်မာမှုကို အဝေးကွင်းတွင် ပြသနိုင်ခဲ့ကြောင်း မန်နေဂျာ ဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**

ပါကာအား အင်္ဂလန်အသင်းအတွက် ပြန်ခေါ်မည်

လန်ဒန် စက်တင်ဘာ ၃၀

အင်္ဂလန်ဘောလုံးအသင်းနှင့် နှစ်နှစ်တာ ကင်းကွာနေသော နယူးကာဆယ် ကွင်းလယ်ကစားသမား စကော့တ်ပါကာအား အင်္ဂလန်အသင်းတွင် ပြန်ကစားရန် ခေါ်ယူထားကြောင်း အင်္ဂလန်နည်းပြ မက်ကလာရင်က ပြောကြားလိုက်သည်။



အင်္ဂလန်အသင်းတွင် ပါဝင်ကစားမည့် နယူးကာဆယ် ကွင်းလယ်ကစားသမား စကော့တ်ပါကာ။ (ဓာတ်ပုံ-အင်တာနက်)

အစားထိုး

အင်္ဂလန်အသင်းအနေဖြင့် ယူရို ၂၀၀၈ ခြေစစ်ပွဲကို လာမည့်သီတင်းပတ်၌ မက်ဆီဒိုးနီးယားနှင့် ခရိုအေးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်ရာ ဒဏ်ရာရနေသော အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်နေရာတွင် အစားထိုးကစားရန် စကော့တ်ပါကာအား ပြန်ခေါ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ပြောကြား

အင်္ဂလန်အသင်းတွင် ဒါရင့်ဘင့်၊ ဂျိုလ်ကိုးတို့လည်း ကြံ့ခိုင်မှုမပြည့်ဝမှုမရှိသေးကြောင်း၊ ဒါရင်ဘင့်က အင်္ဂလန်ယူ-၂၁ အောက်အသင်းတွင် ပါဝင်ကစားရမည်ဖြစ်သဖြင့် မပါဝင်နိုင်ကြောင်း မက်ကလာရင်က ပြောကြားသည်။

ကစားနိုင်

စကော့တ်ပါကာသည် အင်္ဂလန် အသင်းနှင့် ကင်းကွာနေသော်လည်း ကစားနိုင်မည်ဖြစ်ကြောင်း၊ နယူးကာဆယ်၌ စကော့တ်ပါကာ ကစားနေမှုကို မိမိလေ့လာခဲ့ပြီးဖြစ်ကြောင်း အကောင်းဆုံးအနေအထားရှိကြောင်း မက်ကလာရင်က ပြောကြားသည်။ **(အင်တာနက်)**

ထိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ အာရှသားက ဗြိတိသျှသားကိုအနိုင်ယူ

ဗန်ကောက် စက်တင်ဘာ ၃၀

ဗြိတိသျှနာမည်ကြီး တင်းနစ် ကစားသမား တင်ဟင်မန်သည် ထိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ထိုင်းတင်းနစ်ကစားသမား ပါရာဒုံဆရီချာပန်အား ကွာတားဖိုင်နယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာတွင် ရှုံးနိမ့်သွားခဲ့သည်။

အာရှသား ဆရီချာပန်သည် ဗြိတိသျှသား ဟင်မန်အား ၆-၇၊၆-၄၊၇-၆ ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

အောင်ပွဲခံ

ယင်းပွဲသည် ၎င်းတို့နှစ်ဦး ရှစ်ကြိမ်ဆုံတွေ့ခဲ့ကြရာတွင် ဆရီချာပန်၏ ဒုတိယမြောက်အောင်ပွဲခံအနိုင်ရခြင်းဖြစ်သည်။

ဆရီချာပန်သည် အကြိုဗိုလ်လုပွဲအဖြစ် ထိပ်တန်းတင်းနစ်ကစားသမား အီဗန်လူဘီဘစ် သို့မဟုတ် အမေရိကန်မှ ရော်ဘီဂျင်းပရီတို့ထဲမှ အနိုင်ရသူနှင့် ဆက်လက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ထိုင်းတင်းနစ်ကစားသမား ဆရီချာပန်၏ တင်းနစ်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ရာအူးလ်ခြေထောက်ဒဏ်ရာရ၍ စပိန်အသင်း၌မကစားနိုင်

မက်ဒရစ် စက်တင်ဘာ ၃၀

စပိန်အသင်းခေါင်းဆောင် ရာအူးလ်သည် စက်တင်ဘာ၂၉ရက်က ခြေထောက်ဒဏ်ရာ ရရှိခဲ့သဖြင့် လာမည့်သီတင်းပတ်အတွင်း ဆွီဒင်နှင့် ကစားရမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲ၌ ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း စပိန်ဘောလုံးအသင်းနည်းပြ လူးရစ်အရီဂိုးနက်စ်က ပြောကြားသည်။

ရွေးချယ်

ရာအူးလ်သည် ယခုကဲ့သို့ စပိန်ဘောလုံးအသင်း၌ မကစားနိုင်မှုသည် ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သိရသည်။ မိမိအနေဖြင့် စပိန်အသင်းအတွက် တိုက်စစ်မှူးတစ်ဦးကို ရှာဖွေရွေးချယ်ရမည်ဖြစ်ကြောင်းလည်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ စပိန်နည်းပြက ပြောကြားသည်။

ကစားခွင့်ပြုမည်

အသက် ၂၉ နှစ်အရွယ်ရှိ စပိန်တိုက်စစ်မှူးရာအူးလ်သည် ဒဏ်ရာ သက်သာပျောက်ကင်းသွားပါက ၎င်း၏မူလနေရာတွင် ဆက်လက်ကစားသွားခွင့်ပြုမည် ဖြစ်ကြောင်း အရီဂိုးနက်စ်က ဆက်လက်ပြောကြားသည်။

ချီးမွမ်းပြောကြား

ရာအူးလ်သည် စပိန်အသင်းကို ဦးဆောင်ကစားနိုင်သူဖြစ်ရာ စပိန်အသင်းအတွက် ဂိုးသွင်းသူရဲကောင်းတစ်ဦးလည်းဖြစ်သည်ဟု ၎င်းက ချီးမွမ်းပြောကြားသည်။ **(အင်တာနက်)**



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ ခေမာဝတီကမ္မဋ္ဌာန်းကျောင်း ပြုပြင်ရန်အတွက် ပြည်လမ်း ၃၂–ဂျီ ခြောက်မိုင်ခွဲနေ အမေကြီး ဒေါ်သန်းရင်၊ သား၊ သမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ဆယ်သိန်းကို နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဆက်သွယ်ရေး ချို့ယွင်းမှု တိုင်ကြားရေး ဌာန–(၁၀၆)

ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်ကြသည့် Telephone/ Mobile /Fax /Internet/ E-mail/Billing /DATA နှင့် ထပ်ဆောင်းဝန်ဆောင်မှုများတွင် ချို့ယွင်းမှု၊ မှားယွင်းမှုများ ဖြစ်ပေါ်ပါက မြန်ဆန်ထိရောက်စွာ ပြုပြင်ပေးနိုင်ရေးအတွက် **"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန–(၁၀၆)"**ကို နေပြည်တော်တွင် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ တိုင်ကြားလိုပါက ဒေသဆိုင်ရာချို့ယွင်းမှုပြုပြင်ရေးဌာနများအပြင် **"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန–(၁၀၆)"**သို့လည်း တိုက်ရိုက်ခေါ်ဆိုတိုင်ကြားနိုင်ပါသည်။

- တယ်လီဖုန်းအမှတ် – ၁၀၆
- FAX – 067-422106
- E-mail – 106 @mptmail.net.mm
- စာတိုက်သေတ္တာအမှတ် – ၁၀၆ နေပြည်တော်

(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၃၉ နေ ဒေါ်ကျင်သန်း (မွေးနေ့အလှူ)၊ သမီး မမေသဇင်ခိုင်(၁၅နှစ်မွေးနေ့အလှူ)၊ ဒေါ်လင်းလင်းမိသားစုက လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ ပထမထပ် ဦးမျိုးသန့်(ဖုန်း–၂၂၀၂၄၅)နေအိမ်၌ လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (Pre. Ph.D) က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ဒို့ကျေးရွာဂျာနယ် အတွဲ (၃)၊ အမှတ် (၁၉) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၃၀

တူရာသီ သီတင်းကျွတ်လ၏ ကြာမျိုးငါးပါးအလှတို့နှင့်အတူ ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသိပညာများသာမက ပြည်တွင်းပြည်ပမှ ဖတ်စရာ၊ မှတ်စရာ ဗဟုသုတများပါ ဖော်ပြပေးနေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ် (၁၉) ထွက်ရှိလာပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အိန္ဒိယ၌ ဈေးကွက်ကောင်းလာနိုင်၍ ပဲမျိုးစုံ သီးနှံတိုးချဲ့စိုက်၊ မတ်ပဲစိုက်ပျိုး ဝင်ငွေတိုး၊ စိုက်ပျိုးရေးတွင် နေရောင်ခြည်စွမ်းအင်ကို အသုံးချခြင်း၊ ဆေးဖက်ဝင်ဘူးသီး၊ အသုံးဝင် မီးကွင်းဂမုန်းပင်၊ ဝက်ကလေးများ ဝမ်းလျှောခြင်းမှ ကာကွယ်ရန်၊ ဆိတ်မွေးမြူရေးနှင့် ဆိတ်တို့၏ သဘာဝ၊ ဖက်တီးအက်ဆစ် ပိုမိုမြင့်မားတဲ့ သိုးသားများ ထုတ်လုပ်ရန်ကြိုးပမ်း၊ ဒို့ကျေးရွာ အရဏ်ဦး၊ မွေးရပ်မြေရွာ သာပါစမေး ပတ်ဝန်းကျင်ကို ဖြတ်သန်းခြင်း၊ ဝါကျွတ်ချိန်ခါ၊ ရှမ်းမြေမှာ၊ ဝါလကင်းလွတ် သီတင်းကျွတ်နှင့် ကျောအောက်ပိုင်း နာကျင်မှု ကုသနည်း စသည့်ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဆက်သွယ်ပေးပို့နိုင်

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း– ၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား အမျိုးသမီး မိုးရာသီ တာဝေးစက်ဘီးပြိုင်

ရန်ကုန် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး မိုးရာသီတာဝေး စက်ဘီးပြိုင်ပွဲကို ယနေ့နံနက် ၆နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ကွင်းရှေ့တွင် ကျင်းပရာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ **(အောက်ပုံ)**

အမျိုးသား

အမျိုးသား ကီလိုမီတာ ၁၂၈ တာဝေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၅၄ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး သုဝဏ္ဏမှ စတင်တာလွှတ်၍ ကမ္ဘာအေးဘုရားလမ်း၊ ရှစ်မိုင်လမ်းဆုံ၊ စော်ဘွားကြီးကုန်း၊ ပြည်လမ်း၊ ထောက်ကြန့်လမ်းဆုံးမှ ပဲခူး လမ်းအတိုင်း စီးနင်း၍ ပဲခူးမြို့ အဝင် ကျွန်းအဆုံးထိပ်မှ ပြန်ကွေ့ကာ ထောက်ကြန့်မြို့ တိုးဂိတ်အနီးတွင် ပန်းဝင်ကြသည်။

အမျိုးသမီး

အမျိုးသမီး ကီလိုမီတာ ၈၀ တာဝေးပြိုင်ပွဲတွင် အမျိုးသားများနှင့်အတူ စီးနင်းပြီး အင်းတကော်အကျော် (၇၇)ကုန်းမှ ပြန်ကွေ့ကာ ထောက်ကြန့် တိုးဂိတ်အနီးတွင် ပန်းဝင်ကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အထူးရိုက်ကူးစီစဉ်တင်ဆက်သည်

ဒါရိုက်တာ အကယ်ဒမီများရှင် စင်ရော်မောင်မောင်၏ ထူးခြားသည်ဆိုသော ဇာတ်ကားများထက် ပို၍ဆန်းသစ်သော အနုပညာ အတွေးအခေါ် ဇာတ်လမ်း၊ ရိုက်ညွှန်းရိုက်ချက်တို့နှင့် ခေတ်အမီဆုံး စီစဉ်ရိုက်ကူးတင်ဆက်လိုက်သည်။ ရုပ်ရှင် ဗီဒီယို အနုပညာချစ်သောပရိသတ်များ ယခုကဲ့သို့ ဘယ်သောအခါမှ ရှုမြင်ခံစားဖို့ရာ မရနိုင်သည့် တန်ဖိုးအရှိဆုံး ဇာတ်ကားကောင်းတစ်ကားကို **ငွေးမြန်မာ** ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိပေးလိုက်သည်။

၂-၁၀-၂၀၀၆ရက် (တနင်္လာနေ့) မဟာရန်ကုန် ဖြန့်ချိပါမည်။





ဖခင်အမည်မှန်

ရေးမြို့နယ် လမိုင်းမြို့ အထက (နှစ်ကရင်) တက္ကသိုလ်ဝင်တန်းမှ မအေးမြဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ ဖြစ်ပါကြောင်း။

ဦးကျော်ရွှေ
၁၀/ရမန(နိုင်)၁၄၆၀၃၄။

၂၇-၉-၂၀၀၆နေ့ထုတ် ကြေးမုံသတင်းစာပါ တရားရုံးချုပ်ရှေ့နေများ ဖြစ်ကြသော ဦးဇော်မြင့်(မြိတ်)နှင့်အဖွဲ့တို့၏ကြေညာချက်မမှန်ကြောင်း

ရှင်းလင်းကြေညာချက်

အထက်ဖော်ပြပါ တရားရုံးချုပ်ရှေ့နေ ဦးဇော်မြင့် ပါ(၃)ဦးတို့၏ကြေညာချက် မှန်ကန်ခြင်းမရှိကြောင်း ကျွန်ုပ်၏အမှုသည် ဦးကိုကို ၁၂/မဂတ(နိုင်)၀၇၉၃၅၉၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးဘသိန်း ပါ(၅၅)ဦးအမည်ပေါက် မြေပိုင်မြေကွက်များကို ဆက်ခံပိုင်ဆိုင်သူများထံမှ ဦးကိုကိုက ၃၁-၇-၂၀၀၂နေ့စွဲပါ စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့သည့်ကိစ္စတွင် ကျွန်ုပ်၏ အမှုသည် ဦးကိုကိုအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် မည်သည့်ကိစ္စကိုမျှ ပျက်ကွက်ခဲ့ခြင်း မရှိကြောင်း၊ ဒေါ်နုနု+၄၇ဦးတို့၏ကြေညာချက်သည် မမှန်ကြေညာချက်သာဖြစ်ကြောင်းနှင့် ရောင်းသူများဘက်မှ တရားဝင်လွှဲပြောင်းရောင်းချပေးအပ်နိုင်ရေးအတွက် တရားဝင် ဆက်ခံပိုင်ဆိုင်ကြောင်း အထောက်အထား စာချုပ်စာတမ်းများပြုလုပ်ရေးကိစ္စ၊ အရောင်း အဝယ်ကိစ္စပြီးမြောက်စေရန် အထူးကိုယ်စားလှယ်လွှဲစာများကို ရောင်းသူတို့က ဝယ်သူအား ပေးအပ်ရေးကိစ္စအစရှိသည်တို့ကို ရောင်းသူတို့ဘက်ကဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိကြောင်း၊ အရောင်းအဝယ်ကိစ္စ တိုးတက်မှုမရှိရခြင်းမှာ ရောင်းသူတို့ဘက်မှ ပျက်ကွက်မှုများကြောင့်သာဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ထို့အပြင် ယခုအရောင်းအဝယ်ကိစ္စတွင် ရောင်းသူတို့ဘက်က ပျက်ကွက်မှုများရှိနေသည့် အတွက် ရောင်းသူတို့အနေဖြင့် အရောင်းအဝယ်စာချုပ်ကို ပယ်ဖျက်ခွင့်မရှိပါကြောင်း၊ အရောင်းအဝယ်စာချုပ်မှာ တရားဝင်အတည်ဖြစ်လျက်ရှိကြောင်းနှင့် ကျွန်ုပ်၏အမှုသည် အပေါ် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန်၊ မတော်မမှန် ကြေညာချက်များအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးကိုနီ [B.A(Law);LL.B] **ဦးခင်မောင်ငွေး (B.Sc, R.L)** **ဦးမောင်မောင်ဝေ (LL.B)**
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၁၈၄၇ **တရားရုံးချုပ်ရှေ့နေ၊ စဉ်-၃၅၃၁** **တရားရုံးချုပ်ရှေ့နေ၊ စဉ်-၇၂၃၁**
ဦးလှိုင်ထွန်း (LL.B) **ဦးမင်းမင်းဇော် (LL.B;D.B.L)**
အထက်တန်းရှေ့နေ၊ စဉ်-၁၃၈၆၈ **အထက်တန်းရှေ့နေ၊ စဉ်-၂၄၀၂၀**

Laurel ဥပဒေအတိုင်ပင်ခံလုပ်ငန်း

အမှတ် ၁၂၈၊ ပထပ်၊ ၄၁လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၅၇၈၄။

မြစ်သားမြို့

(၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

မြစ်သားမြို့ အထက ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၄-၁၀-၂၀၀၆ရက် (စနေနေ့) တွင် မြစ်သားမြို့ အထကခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေများ ထည့်ဝင်ကြပါရန်နှင့် ကြွရောက်ပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ မြစ်သားမြို့။

ဆက်သွယ်ရန် - ဒေါ်ရွှေစင်ကြူ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၆၉၂၅၄၊
ဦးခင်မောင်ကြီး မန္တလေးမြို့ ဖုန်း-၀၂-၂၃၀၆၃၊
ဦးဇော်နိုင်ဝင်း မြစ်သားမြို့ ဖုန်း-၀၉-၂၀-၀၄၆၅၀။

ကျေးဇူးဆပ်ပါမည် ကျွန်တော် မောင်ထွန်းဇော် ပိုင်ဆိုင်သည့် နိုင်ငံကူး လက်မှတ်အမှတ် ၂၅၇၇၇၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၅၅၁၂၃၆။**

ဘီယာထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းအဝယ်တင်ဒါ

ဝယ်ယူမည့်ပစ္စည်း - ဘီယာထုတ်လုပ်ရန် ကုန်ကြမ်း(၁၁)မျိုး
Malt, Hop Pellet Type, Crystal Malt, Hop Extract, Filter Sheet, Glue, Glycol, Dry Yeast, Stabiquick, Crown Cork, Bottle New (Qt)

တင်ဒါပိတ်ရက် - ၁၃-၁၀-၂၀၀၆
အချိန် - ၁၄:၀၀နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော် ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း
အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၅၆၁၀၅၉၊ ၅၆၁၀၅၄။

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကြက်သားဝယ်လိုပါသည်

ဟာလာပြုလုပ်ထားသော သန့်ရှင်းလတ်ဆတ်သည့် ကြက်သား(ခြေ၊ ခေါင်း၊ တောင်ပံ၊ အူကလီစာ၊ အဆီဘူးမပါ) နံနက် ၇နာရီအရောက် သင့်တော်သော ဈေးနှုန်းဖြင့် ဝယ်လိုပါသည်။ **"ခင်" ကြက်အူချောင်း**
အမှတ် ၇၆၇၊ မာဃလုလင်လမ်းသွယ်၊
ပြည်လမ်း၊ ၁၀မိုင်၊ အင်းစိန်မြို့နယ်။

ကျောက်ခင်းလမ်း ပြုပြင်မှု ကွင်းဆင်းကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၃၀

ဩဂုတ်၂ရက်က ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင်း ဆောင်ရွက်သည့် ချောင်းစ-ရွှေလှေလမ်း ကျောက်ခင်းလမ်း ပြုပြင်ခြင်းလုပ်ငန်းအား ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းစိန်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်းညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ရှိ သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်ကြီးကို ဦးမြတ်ထွန်းအောင်-ဒေါ်လှပေါ်မိသားစု တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းခဲ့သည့် သုဝဏ္ဏဝတီရွှေကျောင်းတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် ပိန်းဇလုပ်မြို့နေ ဦးကွာနား-ဒေါ်မြင့် အမှူးထား၍ သားကိုဌေးဝင်း-မအေးလွင်၊ ကိုမြင့်အောင်မိသားစုက ငွေကျပ် နှစ်သိန်းကို ပဓာနဆရာတော်ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေနတ်ကူဘုရား ဗုဒ္ဓပူဇနိယပွဲ

ဖျာပုံ စက်တင်ဘာ ၂၄

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့မကျဉ်းဒါန်းရပ်တွင်(၁၂၈)ကြိမ်မြောက် ရွှေနတ်ကူဘုရား ဝါကျွတ် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၇ ရက်မှ ၁၅ ရက်အထိ (သီတင်းကျွတ် လပြည့်ကျော် ၁ရက်မှ ၉ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည့်ရက်များတွင် ဧရာဝတီတိုင်းကိုယ်စားပြု ဖျာပုံနန်းတွင်း မြန်မာရာမဇာတ်တော်ကြီးနှင့် အခြားပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၅၈)**

စက်တင်ဘာ ၉ ရက်က ထားဝယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးတွင် ဖွင့်လှစ်သည့် ဝန်ထမ်းအခြေခံမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနား၌ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို အမှာစကားပြောကြားစဉ်။ (၁၇၈)

အစာလမ်းကြောင်းရောဂါ သိကောင်းစရာများဆွေးနွေး

ပျဉ်းမနား စက်တင်ဘာ ၂၂

ပျဉ်းမနားမြို့ ဂျာနယ်သတင်းထောက်များနှင့် ပျဉ်းမနားမြို့ ဘိုအထူးကု ဆေးခန်းတာဝန်ခံ ဒေါက်တာပေါ်မြင့်ဦးတို့သည် စက်တင်ဘာ ၁၈ ရက် နံနက် ၈နာရီက ပျားရည်လွင်ပြင်စားမြိန်ဆောင်၌ အစာလမ်းကြောင်းရောဂါရာမှန်ပြောင်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဆွေးနွေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ ဒေါက်တာပေါ်မြင့်ဦးက အစာလမ်းကြောင်းရောဂါရှာ မှန်ပြောင်းစက်ထားရှိရခြင်းမှာ သွေးအန်လူနာများ ခရီးမပန်းတော့၍ ရာနှုန်းများစွာ အသက်ချမ်းသာမှုရှိစေရန် သမားရိုးကျခွဲစိတ်မှုအချို့မှ ရှောင်လွှဲနိုင်ပြီး လူပင်ပန်း ငွေကြေးသက်သာမှုရရှိစေရန်နှင့် အစာအိမ်၏ အနာအစိတ်အပိုင်းမှ နမူနာအသားစယူပြီး စစ်ဆေးခွင့်ရရှိ၍ ရောဂါအမည်ရာနှုန်းပြည့် သေချာသိရှိစေရန် စသည့်ရည်ရွယ်ချက်တို့ဖြင့်ထားရှိရကြောင်း ရှင်းလင်းပြောကြားသည်။ **(၁၀၁)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောကပ်လျက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်အတွက် ဦးတင်အေး-အားရည်စိုး၍ ဒေါ်တင်ရွှေသားသမီးတစ်စု က/၁၁ ဝေဘာဂီလမ်းမကြီး မြောက်ဥက္ကလာပ ရန်ကုန်မြို့က အလှူတော်ငွေကျပ်တစ်သိန်း တစ်သောင်း တစ်ထောင့်တစ်ရာ့တစ်ဆယ်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



ကရင်ပြည်နယ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မော်မော် စက်တင်ဘာ ၁၉ ရက်က မြဝတီခရိုင် လူဝင်မှုကြီး ကြပ် ရေး နှင့် အ မျိုး သား မှတ်ပုံတင်ရေး ဦးစီးဌာနမှ စိုက်ပျိုး ထားသော ကြက်ဆူ စိုက်ခင်း အောင်မြင် ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ရှင်းလင်းပြသစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လဆန်း ၁၁ ရက်
၂-၁၀-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဇောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (အမျိုးသမီး) အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
(၁) အာရောဂျံ (ဒေါ်ကြည်အောင်)
(၂) စိတြဂီဝါ (ဒေါ်ကြည်အောင်)
(၃) ကထိန်သင်္ကန်း (စိန်ပါတီ)

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နည်းပညာသစ်ဖြင့် သဘာဝ အလှကုန်ပစ္စည်းထုတ်လုပ်မှုအကြောင်း)

၁၁း၄၀ သုတစုံစွာသိမှတ်စရာ (ရွှရွှပြေးခြင်း-သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၂း၃၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (မဟာဂီတ သီချင်းကြီးများ)**
(၁) သည်ဆောင်းဟေမာန်(ဘွဲ့) (တင်တင်ထွေး)
(၂) မြမန်းဂီရိ (ယိုးဒယား) (ကိုလွင်ဦး)

၁၃း၁၀ ပညာရေးအစီအစဉ် (တတိယတန်း-သမိုင်း) (မင်းတုန်းမင်း)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) မြန်မာ့အားအင် (လီလီကြာညွန့်)
(၂) စိမ်းလဲ့ကန်သာ (ကိုအံ့ကြီး)
(၃) အေးချမ်းသာယာ စွယ်တော်ဦးရွာ (စန်းသီရိလှိုင်)

၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဝါကျွတ်ချိန်ခါ အဘိဓမ္မာ)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) (ဗုဒ္ဓဝင်အကြောင်း)

၁၉း၁၅ ဆိုင်းပဒေသာ (နေမျိုးဇလကျော်သူဘွဲ့ရ ဆရာကြီး စိန်ဗေဒါဆိုင်း၊ အလင်္ကာကျော်စွာ ဆရာကြီး ဦးဟံပဆိုင်း၊ အလင်္ကာကျော်စွာ ဆရာကြီး ဦးဘမောင်ဆိုင်း)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ယဉ်သထက်ယဉ် (ကိုအောင်ဖုန်း)
(၂) အပျော့ဆွဲ (ကြွယ်ကြွယ်)
(၃) ချစ်ပြုံးနှင်းဆီ (ရေနံ့သာစိုးလှိုင်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပစေရေးအတွက် စက်တင်ဘာ ၁၈ရက်က ရတနာရွှေပြည်လမ်းမကြီး၏ လမ်းဘေးဝဲယာ တစ်လျှောက်၌ လမ်းအုတ်ကပ်တုံးများ အလှဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (၃၂၉)

သာယာဝတီမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အာဟာရမျှတစွာ ချက်ပြုတ်စားသောက်နည်းသရုပ်ပြ

သာယာဝတီ စက်တင်ဘာ ၁၉

သာယာဝတီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာ ၁၂ရက်က ငဖြူကလေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင်ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးမြင့်ဦးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စုစုထွန်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်ခင်အေးက အာဟာရမျှတစွာ ချက်ပြုတ်စားသုံးနည်း ဟောပြောဆွေးနွေးသည်။

ထို့နောက် ကျေးလက်ကျန်းမာရေး ဆရာမဒေါ်အေးအေးမူက အသီးအရွက်၊ ဥ၊ အသား၊ငါးနှင့်ပဲမျိုးစုံ မျှတစွာချက်ပြုတ်စားသောက်နည်းများ လက်တွေ့သရုပ်ပြကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုစုထွန်းနှင့် အဖွဲ့ဝင်များသည် ငဖြူကလေးအခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းစာကြည့်တိုက်သို့ မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

စုပေါင်းဆောင်ရွက်

အိမ်မဲမြို့နယ် အိမ်မဲကြီးရပ်ကွက် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးကြီးလှိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးမျိုးဝင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

1-10 (15) 1 10/1/06, 2:16 AM

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ရေးစက်ရုံနှင့် ရော်ဘာလက်အိတ်စက်ရုံ (ပျဉ်းမပင်) ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒေါက်တာအောင်ဋ္ဌေးက စက်များ စမ်းသပ်လည်ပတ်ခြင်းနှင့် ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်မှု အခြေအနေများ၊ ကုန်ကြမ်းအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို ဆရာဝန်များက ဤသို့ ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

အမေရိကန်သည် တစ်ကမ္ဘာလုံးကို ပိုလ်ကျစိုးမိုးနိုင်ရေး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ခုတုံးလုပ်အသုံးချ လုံခြုံရေးကောင်စီအဖွဲ့ဝင်များအား နည်းမျိုးစုံဖိအားပေး မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကန့်ကွက်

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင်
ထည့်သွင်းဆွေးနွေးရန်ဆုံးဖြတ်ချက်အပေါ်
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ သဘောထားကြေညာချက်

ရက်စွဲ၊ ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်

၁။ အမေရိကန်နိုင်ငံကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံအခြေအနေအား ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိသည်ဟူသော စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

၂။ မြန်မာနိုင်ငံသည် ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၁၂ရပ်နှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး လမ်းစဉ်(၇)ရပ်ချမှတ် အကောင်အထည်ဖော်လာခဲ့ရာ နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် နယ်စပ်ဒေသအပါအဝင် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ပေးနေသော နှင်းဆီကုန်း ဘိုးဘွားရိပ်သာ

ကွင်းဆင်းမေးမြန်းသူ-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၃၀

'သင်လည်း ဤသို့ အိုရအံ့'ဟူသော ဆိုရိုးစကားနှင့်အညီ လူတိုင်း သက်ကြီးရွယ်အိုဘဝကို ဖြတ်သန်းရောက်ရှိမြဲဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အမှုတို့ကို ကိုယ်တိုင်မဆောင်ရွက်နိုင်သော သက်ကြီးရွယ်အိုများဘဝကို ကမ္ဘာ့ပြည်သူများ သတိပြုမိစေရန် နှစ်စဉ် အောက်တိုဘာ ၁ ရက် **(ယနေ့)** ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပေးခဲ့ကာ နိုင်ငံအလိုက် အခမ်းအနားများကျင်းပပေးလျက်ရှိသည်။

လေ့လာခဲ့

မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ပေးမှုများဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်း

စာမျက်နှာ ၇ ကော်လံ ၁ ●

မိတ္ထီလာမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် စက်တင်ဘာ ၃၀

စက်တင်ဘာ ၃၀ ရက် နံနက် ၉နာရီခွဲတွင် မိတ္ထီလာမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၁၄မီလီမီတာ (၄ဒသမ၄၉)လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၅၂နှစ်အတွင်း စက်တင်ဘာလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၁၁ မီလီမီတာ (၄ဒသမ၃၇) လက်မဖြစ်ပြီး ၁၉၆၇ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

(သတင်းစဉ်)